**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဥ့်ပါအခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၉၄)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန် - ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် လမ်းဘေးဝဲယာ၌ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများအဆင့်မြှင့်တင်မှုနှင့် လူသွားစင်္ကြံတည်ဆောက်လျက်ရှိမှုအခြေအနေများအား **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက်)

# လူငယ်များနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)တို့ကို ခင်းကျင်းပြသထားမှုတို့အား အများပြည်သူများလေ့လာကြည့်ရှုကြသည်။ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)တွင် ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်နှင့် မှတ်တမ်းဓာတ်ပုံများပြခန်း၊ ပန်းခြံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူ၊ ဗိုလ်ချုပ်၏ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးလောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝ၊ မိသားစုဘဝမှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြုခဲ့သည့်အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏နောက်ခံသမိုင်းအကျဉ်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ ဘုရားခန်း၊ စာကြည့်တိုက်နှင့် အထူးအစည်းအဝေးခန်းများ ခင်းကျင်းပြသထားသည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သော အဝတ်အထည်များနှင့်အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့်ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းဖတ်ရှုလေ့လာခဲ့သည့်စာအုပ်များနှင့် ဗိုလ်ချုပ်၏သမိုင်းမှတ်တမ်းများအား ရေးသားထားသော ခေတ်အဆက်ဆက်တွင် ထုတ်ဝေခဲ့သည့်စာအုပ်များကိုလည်း ပြသထားရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၈ ရက်က ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် **“ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးမူကိုမထိခိုက်စေဘဲ ရှေးဟောင်းမူလလက်ရာများအတိုင်းဖြစ်စေရန်အတွက် ယခင်မှတ်တမ်းဓာတ်ပုံများဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြတိုက်အတွင်းရှိဓာတ်ပုံများအား နည်းပညာများအသုံးပြု၍ ထိန်းသိမ်းဆောင်ရွက်ပြီး ယခုထက်ပိုမိုကောင်းမွန်ကြည်လင်ပြတ်သားသည့်ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြတိုက်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်များအား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များမရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်”**နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သောအိမ်ကို ပြတိုက်အဖြစ်ခင်းကျင်းပြသထားခြင်းဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သောအဆောက်အအုံဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသည်။ အဆောက်အအုံ၏ဟန်ပန်မှာ ဥရောပပုံစံအဆောက်အအုံတစ်ခုဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ အဆိုပါနေအိမ်၌ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့သည်။ ပြတိုက်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်း အားလပ်ချိန်တွင် စိုက်ပျိုးသောစိုက်ခင်း၊ ဗိုလ်ချုပ်အောင်ဆန်း စီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစား မော်တော်ယာဉ်နှင့် ဓာတ်ပုံမှတ်တမ်းပြခန်းတို့အား ခင်းကျင်းပြသထားရှိသည်။ အများပြည်သူများအနေဖြင့် တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များနှင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် အာဇာနည်နေ့တို့တွင် နေ့စဉ် နံနက် ၉ နာရီခွဲအချိန်မှ ညနေ ၄ နာရီခွဲအချိန်အထိ အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ ဤပြတိုက်သည် လူငယ်မောင်မယ်တိုင်း သွားရောက်ကြည့်ရှုလေ့လာသင့်သည့်နေရာဖြစ်သည်။

မြန်မာ့သမိုင်းတစ်ကွေ့၏ဖြစ်စဉ်ကို ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် မြင်တွေ့နိုင်သည်။ ရိုးသား၍ ကြိုးစားကာ နိုင်ငံ့လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားကြိုးပမ်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံချစ်စိတ်ကို လူငယ်များအတုယူကြရမည်ဖြစ်သည်။ တပ်မတော်တစ်ရပ်ဖြစ်ပေါ်လာဖို့အတွက် တိုင်းတစ်ပါးတွင် စွန့်လွှတ်စွန့်စားစစ်ပညာသင်ယူကာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက်တိုက်ပွဲဝင်ခဲ့ခြင်းကို အားကျအတုယူသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် လူငယ်များအစဉ်အဆက် ထမ်းဆောင်ရမည့်တာဝန်ဖြစ်သည်ကို သိရှိနားလည်ကြရမည်ဖြစ်သည်။

ထို့အတူ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)အဆောက်အအုံမှာလည်း လူငယ်များ လေ့လာကြရမည့်နေရာတစ်ခုဖြစ်သည်။ ဗိုလ်ချုပ်ရုံးခန်းနှင့်အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုအားပြသထားရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များသည် မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ်အတွင်း မသမာသူလူတစ်စု၏လုပ်ကြံခြင်းခံလိုက်ရသည်။ နိုင်ငံအတွက်ကြီးမားသောဆုံးရှုံးမှုဖြစ်သည်။ ထိုသို့သော ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးကို လူငယ်တို့သတိပြုကြရမည်ဖြစ်သည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း နိုင်ငံတော်ကိုဦးဆောင်ကြရမည့်လူငယ်များအနေဖြင့် သမိုင်းမှသင်ခန်းစာယူကာ နိုင်ငံနှင့်ပြည်သူတို့ ကောင်းကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ကြရန်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်များအနေဖြင့် ကျရာကဏ္ဍမှပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကျောင်းကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်လှစ်

ဇီးကုန်း ဇူလိုင် ၂၀

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဇီးကုန်းမြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲကို ဇူလိုင်လ ၂၀ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(ဇီးကုန်း)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဦးညဏ်ကြည်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက်ကြက်ခြေနီအသင်းတပ်ဖွဲ့မှူးနှင့်သင်တန်းနည်းပြများက ကြက်ခြေနီသူနာပြုတပ်ဖွဲ့၏အခြေခံမူ(၇)ချက်နှင့် စေတနာ့ဝန်ထမ်းများ၏ လုပ်အားဖြင့် ရပ်/ရွာအတွင်းရှိပြည်သူများအတွက် အရေးပေါ်အခြေအနေများနှင့် အိမ်တွင်း/ကျောင်းတွင်းမတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများလျော့ကျစေရန်နှင့် မတော်တဆမှုများဖြစ်လာပါက ရှေးဦးပြုစုနိုင်စေရန် အခြေခံရှေးဦးပြုစုခြင်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းတွင် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၃၂ ဦးတက်ရောက်ပြီး ဇူလိုင်လ ၂၀ ရက်မှ ၂၃ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် ကျောင်းများတွင်ပြန်လည်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

## MWD Education, Knowledge & Sports Channel

၂၁-၇-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၂၀ | Grade – 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၇:၂၀ - ၁၈:၁၆ | Grade – 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၈:၁၆ - ၁၈:၄၃ | Grade – 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၄၃ - ၁၉:၅၆ | Grade – 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာ့လက်မှုယွန်းထည်ပစ္စည်းများကို နိုင်ငံခြားခရီးသွားဧည့်သည်များသာမက ပြည်တွင်းဘုရားဖူးဧည့်သည်များပါ စိတ်ဝင်စားမှုများလာ

ညောင်ဦး ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသထွက် မြန်မာ့လက်မှုယွန်းထည်ပစ္စည်းများကို နိုင်ငံခြားခရီးသွားဧည့်သည်များသာမက ပြည်တွင်းဘုရားဖူးဧည့်သည်များပါ စိတ်ဝင်စားမှုများလာကြောင်း ညောင်ဦးမြို့နယ်ရှိ ယွန်းထည်ပစ္စည်းလုပ်ငန်း လုပ်ကိုင်သူများ၏ပြောပြချက်အရ သိရသည်။

ယွန်းထည်လုပ်ငန်းသည် မြန်မာ့လက်မှုအနုပညာလုပ်ငန်းဖြစ်ပြီး အနုစိတ်လုပ်ကိုင်ရသောလုပ်ငန်းဖြစ်ကာ ယွန်းထည်ပစ္စည်းအမျိုးပေါင်းတစ်ရာကျော်ရှိကြောင်း၊ ယွန်းလက်ဖက်အုပ်၊ ယွန်းဆွမ်းအုပ်များကို အများဆုံးပြုလုပ်ကြကြောင်း သိရသည်။ ညောင်ဦးခရိုင်အတွင်းရှိ ကျေးလက်ဒေသများ၌ အလှူမင်္ဂလာပွဲများတွင် ယွန်းထည်ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေသေးကြောင်း သိရသည်။

ယွန်းထည်ပြုလုပ်ရာတွင် အချောခံခြင်း၊ စဥ့်ဖတ်တင်ခြင်း၊ နီးခေါင်းထိုးခြင်း၊ နီးစိတ်ခြင်း၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ ပွတ်ထည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ နီးဖြာခြင်း၊ ပုတ်ထည်၊ ယွန်းထပ်ခြင်း၊ သားရိုးချောခြင်း၊ ခွားကောက်ခြစ်ခြင်း၊ နီးသပ်ခြင်း စသည်ဖြင့် အဆင့်ဆင့်ပြုလုပ်ရကြောင်း သိရသည်။

ယွန်းထည်လုပ်ငန်း လုပ်ကိုင်ကြသည့် ယွန်းလုပ်သားတစ်ဦးလျှင် တစ်ရက်ငွေကျပ်တစ်သောင်းနှင့် ကျွမ်းကျင်လုပ်သားတစ်ဦးလျှင် ငွေကျပ်နှစ်သောင်း ရရှိကြကြောင်း၊ ယွန်ထည်များပြုလုပ်ပြီးပါက ချက်ချင်းရောင်းချခြင်းမပြုနိုင်သေးဘဲ မြေအောက်ခန်းအတွင်း အလုံပိတ်ထားပြီး အချိန်တစ်နှစ်ကျော်မှ ရောင်းချရကြောင်း သိရသည်။ နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့် မြန်မာ့လက်မှုယွန်းထည်လုပ်ငန်းများသို့ လာရောက်လေ့လာမှုများရှိကြပြီး ယခုအခါ ပြည်တွင်းဘုရားဖူးဧည့်သည်များလည်း ယွန်းထည်လုပ်ငန်းများကို စိတ်ဝင်စားမှုများလာကြောင်း သိရသည်။ ယွန်းလက်ဖက်အုပ်များနှင့် ဧည့်ခန်းဆောင်အလှထား ယွန်းဆွမ်းအုပ်အကြီး၊ အသေးများ၊ လက်ဝတ်ရတနာထည့်သည့် ယွန်းသေတ္တာအကြီး၊ အသေးများ၊ ယွန်းဘောပင်များ၊ တစ်ရှူးထည့်သည့် ယွန်းဘူးများကို အများဆုံးရောင်းချရကြောင်း သိရသည်။

**ဒီပါလင်း**



# သရက်ချောင်းမြို့နယ် မြို့မရပ်ကွက်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ၇၀ ရာခိုင်နှုန်းခန့်ပြီးစီး

သရက်ချောင်း ဇူလိုင် ၂၀

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် မြို့မရပ်ကွက်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း သရက်ချောင်းမြို့နယ် မြို့မရပ်ကွက်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

"သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဒီဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးခွင့်ပြုငွေ ငွေကျပ် ၅၇ ဒသမ ၁၄၉ သန်းနဲ့ ကျေးလက်ရေရရှိရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အခုလိုဆောင်ရွက်ခြင်းဖြင့် သရက်ချောင်းမြို့နယ် မြို့မရပ်ကွက်မှာရှိတဲ့ အိမ်ထောင်စုဝင်တွေ သောက်သုံးရေဖူလုံစွာရရှိမှာဖြစ်ပါတယ်" ဟု သရက်ချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သရက်ချောင်းမြို့နယ် မြို့မရပ်ကွက်တွင် အနက်ပေ ၂၀၀၊ အကျယ် ၄ လက်မရှိ တွင်းတိမ်တစ်တွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်သုံးကန်တည်ဆောက်ခြင်း၊ ရေမီတာတပ်ဆင်ခြင်းနှင့် လေးလက်မပိုက် ပေ ၁၂၀၀ သွယ်တန်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

ထိုသို့ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိသုံးစွဲနိုင်ပြီး ကျန်းမာရေးအတွက်အထောက်အကူပြုကာ လူနေမှုဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

# ကျုံပျော်မြို့နယ်၌ မြေပဲဆန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ကျုံပျော် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပဲဈေးကွက်တွင် မြေပဲဆန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်၌ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချယ်ရီ၏ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ် ပဲဈေးကွက်တွင် ဇူလိုင်လဒုတိယပတ်မှစတင်ကာ မြေပဲဆန်များအရောင်းအဝယ်ကောင်းမွန်နေပြီး ထိုသို့အရောင်းအဝယ်ကောင်းလာခြင်းမှာ မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းများက မြေပဲဆန်ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ပဲဈေးကွက်ထဲကို ဒေသတွင်းကထွက်ရှိတဲ့ မြေပဲဆန်တွေအပြင် တခြားဒေသက စိုက်ပျိုးထွက်ရှိတဲ့ မြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ မြေပဲဆီထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန်အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က အခုထက်ပိုကောင်းလာဖို့ပဲရှိပါတယ်။ နွေမြေပဲအသစ်တွေ မပေါ်သေးမီအချိန်ထိ မြေပဲဆန်အရောင်းအဝယ်ကောင်းနေမှာပါ။ ဒီနှစ်မြေပဲဆန်တွေ အဝယ်လိုက်နေတဲ့အတွက် တောင်သူတွေ၊ လုပ်သားတွေနဲ့ ကုန်သည်တွေ အဆင်ပြေလာပါတယ်"ဟု ဒေါ်ချယ်ရီကပြောသည်။

ကျုံပျော်မြို့နယ်၌ စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် မြေပဲဆန်များကိုဝယ်ယူပြီး မြေပဲဆီကြိတ်ခွဲသည့်အပြင် မြေပဲဆန်၊ မြေပဲအခွံပါ စသည်ဖြင့် ပုံစံအမျိုးမျိုးထုတ်လုပ်၍ ဝယ်ယူသောဒေသများသို့ စနစ်တကျတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### အရဲစွန့်၍ မရပုံ

ပိတ်ထားသောဘုန်းကြီးကျောင်းများအနီးမှ ဖြတ်၍ပြန်ထွက်လာရာတွင် ကျွန်ုပ်သည် ကျောင်းတံခါးများကိုတွန်းကြည့်ခြင်း၊ ခေါ်စမ်းခြင်းစသည်ဖြင့် စုံစမ်းပါသေး၏။ သို့ရာတွင် မည်သူမျှ ထူးသံမကြားသည်နှင့် ဘုန်းကြီးမရှိ၍ ပိတ်ထားသောကျောင်းများဖြစ်သည်ဆိုကာ ဆင်များရှင်ဘုရားဆီသို့ ဆက်လက်၍လျှောက်လာခဲ့၏။ စေတီတော်အနီး၌ ကျွန်ုပ် သဘောကျလောက်သော နေရာထိုင်ခင်းမတွေ့သည်နှင့် အရှေ့ဘက်စောင်းတန်းဆီသို့ လျှောက်လာခဲ့၏။ စောင်းတန်းအထွက်ဝတွင်ရှိသော ဆင်ရုပ်ကြီးနှစ်ကောင်သို့ ရောက်လာသောအခါ တောင်ဘက်ရှိဆင်ရုပ်၏နောက်ဘက်တွင် စောင်းတန်းအမိုးအောက်၌ အိပ်ရန်ဆုံးဖြတ်လိုက်လေ၏။ ကျွန်ုပ်သည် သရက်သီးများနှင့် မျှင်ငါးပိထုပ်ထားသည့် လုံချည်ကိုဖြေ၍ ဖြန့်ခင်းပြီးလျှင် အုတ်ခဲတစ်လုံးရှာ၍ စွပ်ကျယ်ဟောင်းတစ်ထည်ကို အုတ်ခဲပေါ်၌တင်ကာ ခေါင်းအုံးပြုလုပ်၏။ ထို့နောက် ဆေးရွက်ကြီးကို ပျားရည်နှင့်နယ်၍ ကိုယ်တိုင်ပြုလုပ်ထားသောဆေးတံသောက်ဆေးဖြင့် ပက်လက်လှန်ကာ ဆေးတစ်ဆုံသောက်ရင်းစိတ်ကူးလျက်ရှိလေ၏။ လပြည့်ကျော် ၈ ရက်ဖြစ်၍ သန်းခေါင်တိုင်မှ လထွက်မည်ဖြစ်ရာ ယခုအချိန်၌မူ ကောင်းကင်၌ မိုးတိမ်များကြောင့် ကြယ်များမပေါ်နိုင်သဖြင့် အလွန်မှောင်မည်းလျက်ရှိ၏။ မိုးရွာချဦးမည်လောဟု စိုးရိမ်သော်လည်း တန်ဆောင်းအောက်ဖြစ်၍ အကာမရှိစေကာမူ လေမတိုက်လျှင် မိုးလုံကောင်းပါ၏ဟု အောက်မေ့မိ၏။ ဆင်နှစ်ကောင်၏ ဦးခေါင်းဘက်၌ရှိသော လမ်းပေါ်၌ကား ဤခေတ်အခါကြီးတွင် ယာဉ်အသွားအလာမရှိသည့်အပြင် ဘုန်းကြီးကျောင်းများမှာလည်း ဘုန်းကြီးမရှိသဖြင့် စာအံသံမျှမကြားရသောကြောင့် အလွန်တိတ်ဆိတ်လျက်ရှိ၏။ ဆေးတစ်ဆုံသောက်လျက် အခြေအနေကို အကဲခတ်ရင်း "ဒီအတိုင်းဆိုရင် မင်းအိပ်ဝံ့ပဲ့မလား" ဟု ကိုယ့်ကိုယ်ကိုယ်မေးကြည့်ရာ "အိပ်ဝံ့ပါတယ်" ဟု အဖြေရ၏။ အတွင်းဆုံး၌ရှိသော စိတ်ကမူ "ဒီပြင်မှ နည်းလမ်းမရှိဘဲ၊ အရဲစွန့်ပြီးအိပ်ရတော့မှာပေ့ါ" ဟု တီးတိုးလေး အဖြေပေး၏။ ကျွန်ုပ်သည် ထိုအသံကိုလက်မခံဘဲ ဖိနှိပ်ထားလိုက်၏။ အိမ်မှထွက်ခဲ့သည်မှာ ရှစ်ရက်ရှိပြီဖြစ်၍ ဖခင်နှင့်မစိုးတို့က ကြာလှချေတကားဟု မျှော်များနေကြမည်လော စသည်ဖြင့် တွေးတောလျက်ရှိစဉ် စောင်းတန်းအမိုးပေါ်မှ တချောက်ချောက်မြည်သောအသံကိုကြားရပြီး 'ဖုတ်ခနဲ' မြည်သံကြားလိုက်ရသဖြင့် ထိတ်ခနဲလန့်သွား၏။ တစ်ခဏမျှကြာသော် ရှဉ့်တစ်ကောင်ဖြတ်ပြေးခြင်းကို မြင်လိုက်ရသည်။ ဤတွင် ခုတင်ကအတွင်းမှ တီးတိုးပြောလိုက်သောအသံကို သတိရ၏။ "လက်စသတ်တော့ ငါကြောက်ပါတကား၊ ရှဉ့်ခုန်ပြေးတာလောက်ကို ရင်ခုန်အောင်လန့်နေရင် တစ်ညလုံး ဘယ်လိုလုပ်ပြီး ငါအိပ်လို့ ဖြစ်နိုင်ပ့ါမလဲ" ဟု စဉ်းစားမိ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် သရက်သီးများနှင့် မျှင်ငါးပိကို လုံချည်ဖြင့်ပြန်ထုပ်၍ မြို့ထဲသို့ဝင်ပြီး တစ်နည်းနည်းအိပ်တော့မည်ဆိုကာ ထလာခဲ့လေ၏။

### ဝမ်းသာရသော တွေ့ခြင်းတစ်ခု

ကျွန်ုပ်သည် အထုပ်လေးကို ပခုံးပေါ်တွင်တင်လျက် မြို့ဘက်သို့ လျှောက်လာခဲ့ရာ ငါးမိနစ်ခန့်လျှောက်မိသောအခါ မိုးလေးတဖွဲဖွဲကျလာ၏။ သို့ရာတွင် အလွန်သေးငယ်သောမိုးပေါက်များဖြစ်၍ စိုလောက်အောင်မဖြစ်နိုင်ဟု မိမိကိုယ်ကို အားပေးလာခဲ့၏။ မြို့၏အစသို့ ဝင်လာခဲ့လေပြီ။ သို့ရာတွင် အိမ်များမှာ ကြောက်ရသောခေတ်ဖြစ်၍ တံခါးပိတ်ပြီး စောစောအိပ်ကြသောကြောင့်သော်လည်းကောင်း၊ လူမရှိကြသောကြောင့်သော်လည်းကောင်း မီးရောင်မမြင်ရဘဲ မှောင်နှင့်မည်းမည်းရှိနေကြ၏။ စစ်ကိုင်းမြို့ အိုးတန်းရပ်၌ ကျွန်ုပ်၏ညီဝမ်းကွဲတစ်ယောက်ရှိသည်ဆိုရာ သူ့အိမ်သို့လည်း မရောက်ဖူး၊ အိုးတန်းရပ်ဆိုသည်မှာလည်း ဘယ်မှာရှိသည် မသိချေ။ သို့သော် မေးလျှင်ရကောင်းပါ၏ဟူသော မျှော်လင့်ချက်ဖြင့်လာခဲ့ရာ မှောင်မည်းသောအိမ်များကို သာတွေ့ရ၍ မေးဖို့ပင် အခွင့်မရချေ။ ဤအတောအတွင်း မိုးပေါက်လေးများသည် တဖြည်းဖြည်းများလာ၍ လူကိုစွတ်စိုစပြုလာလေပြီ။ ဒီလိုဆိုခက်ရချေဟု အောက်မေ့မိ၏။ သို့သော် ဒုက္ခရောက်သည်ဆိုကာ

> **"ကျွန်ုပ်သည် အထုပ်လေးကို ပခုံးပေါ်တွင်တင်လျက် မြို့ဘက်သို့လျှောက်လာခဲ့ရာ ငါးမိနစ်ခန့် လျှောက်မိသောအခါ မိုးလေးတဖွဲဖွဲကျလာ၏။ သို့ရာတွင် အလွန်သေးငယ်သောမိုးပေါက်များဖြစ်၍ စိုလောက်အောင်မဖြစ်နိုင်ဟု မိမိကိုယ်ကိုအားပေးလာခဲ့၏။ မြို့၏အစသို့ ဝင်လာခဲ့လေပြီ။ သို့ရာတွင် အိမ်များမှာ ကြောက်ရသောခေတ်ဖြစ်၍ တံခါးပိတ်ပြီး စောစောအိပ်ကြသောကြောင့်သော်လည်းကောင်း၊ လူမရှိကြသောကြောင့်သော်လည်းကောင်း မီးရောင်မမြင်ရဘဲ မှောင်နှင့်မည်းမည်းရှိနေကြ၏ . . ."**

စိတ်ညစ်စွာနှင့်ညည်းတွားခြင်းမျိုးမူကား ပြုတတ်သောဝါသနာမရှိ၍ တော်ပါသေး၏။ ကလေးဘဝ၌ ဖခင်၏တင်းကျပ်လွန်းခြင်းကြောင့် လွတ်လပ်စွာမကစားရခြင်းအတွက် စိတ်ညစ်ရခြင်းနှင့်ညီမျှသော စိတ်ညစ်မှုမျိုးကို ကျွန်ုပ်တစ်သက်တာတွင် အလွန်ကြုံရခဲလှပါသည်။ ဤသည်မှာ ကျွန်ုပ်၏ဉာဉ်ကောင်းလေးတစ်ခုဖြစ်သည်ဟု ဆိုလောက်သည်ထင်ပါ၏။ ဆက်လက်၍ လျှောက်လာသောအခါ ဆင်ဝင်နှင့်ဆောက်လုပ်ထားသော အိမ်တစ်ဆောင်တွင် အပေါ်ထပ်မှ မီးရောင်လေးတလက်လက်မြင်ရ၏။ မိုးပေါက်ကလည်း တိုး၍များလာခဲ့လေပြီ။ တတ်နိုင်ပါဘူးဆိုကာ ထိုအိမ်သို့ချဉ်းကပ်၍ "အိမ်ရှင်တို့၊ အိမ်ရှင်တို့၊ တစ်ဆိတ်ကလေးဗျာတို့" ဟု ခေါ် စမ်းလိုက်၏။ လူငယ်တစ်ယောက်သည် အိမ်ရှေ့ပြတင်းပေါက်ကိုဖွင့်၍ "ဘယ်သူလဲ" ဟု မေးလိုက်၏။

"ဝက်လက်ကပါ မောင်ရယ်၊ အိုးတန်းဆိုတာ ဘယ်နားမှာလဲ၊ မောင်နီဆိုတာ သိပါသလား"

"မန်ကျည်းတုံ့ရွာက ကိုနီလား"

"ဟုတ်ပါတယ် မောင်ရယ်"

ကျွန်ုပ် ဝမ်းသာသွား၏။ "ကိုကြီးသိန်း မဟုတ်လား"

တိုး၍ ဝမ်းသာလာပြီး

"ဟုတ်ပါတယ်၊ မောင်က ဘယ်သူလဲ"

"ကျွန်တော်က ဘိုးကြီးတပည့် ဖိုး .... လေ"

နာမည်ကိုတော့ ကျွန်ုပ်မေ့သွားပါလေပြီ။

"ဟုတ်လား၊ နေရာကျလိုက်လေကွယ်။ ငါ ဒီမှာ တစ်ညလောက် အိပ်ပါရစေလားကွယ်"

"အိပ်ရတာပေ့ါ ကိုကြီးသိန်း"

လူငယ်သည် ပျာယီးပျာယာဆင်းလာ၍ တံခါးဖွင့်ပေးလေသည်။

ကျွန်ုပ်သည် အိမ်ပေါ်သို့ရောက်သောအခါ လူငယ်၏မျက်နှာကို ကြည့်သော်လည်း မြင်ဖူးသည်ထင်ရုံမှတစ်ပါး မည်သူမည်ဝါဟူ၍ မမှတ်မိချေ။ ဖြစ်ပုံမှာ ကျွန်ုပ်တို့ဇနီးမောင်နှံသည် ရွာသို့ ရုံဖန်ရုံခါရောက်တတ်ကြသည်ဖြစ်ရာ ဖခင်သည် စာသင်ကျောင်းဖွင့်၍ ကလေးသူငယ်များအား အခမဲ့ပညာသင်ပေးလေ့ရှိ၏။ ဤလူငယ်မှာ ကျောင်းသားတစ်ယောက်ဖြစ်၍ ကျွန်ုပ်တို့ကို ကောင်းကောင်းသိသော်လည်း ကျွန်ုပ်ကမူ လူလတ်အရွယ်ဖြစ်နေသော ဤသူကို မမှတ်မိခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏တစ်သက်တာ၌ ဝမ်းအသာဆုံးသောအခြင်းအရာများအနက်တွင် ဤလူငယ်နှင့်တွေ့ရခြင်းသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ လက်ဖက်ရည်ကြမ်းအိုးတည်၍ အချိုမုန့်များနှင့်ဧည့်ခံပြီး အိပ်ရာနေရာပြင်ပေးလေရာ ကျွန်ုပ်သည် သရက်သီးအချို့ကို ခွဲဝေပေးပြီး ဇိမ်နှင့်အိပ်နိုင်ပါတော့သည်။

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်သည် လူငယ်၏အိမ်၌ နံနက်စာစား၍ မြို့ထဲသို့သွားဖို့ ပြင်ဆင်၏။ ဤလူငယ်မှာ ဂျပန်စစ်တပ်သို့ ရိက္ခာသွင်းသော ကန်ထရိုက်ကြီးလက်အောက်တွင် ကန်ထရိုက်လေးဖြစ်၍ ချောင်လည်စွာစားသောက်နိုင်သည်ဟုသိရ၍ ဝမ်းမြောက်ခဲ့ရပါ၏။ ဤအတောအတွင်း သတင်းတစ်ခုကြားသိရသည်မှာ ရထားသည် ဤညနေတွင်လည်း ထွက်ဖို့မသေချာဟုဆို၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ဆက်လက်ပြီး စုံစမ်းရန် မြို့ထဲသို့ အထုပ်လေးနှင့်ထွက်လာခဲ့ရာ အိုးတန်း၌နေသည်ဆိုသော ညီမောင်နီ၏အိမ်ကိုတွေ့သော်လည်း လူကားမရှိ။ အိမ်သာရှိ၏။ ဤတွင် လူငယ်ကိုမတွေ့ပါက မနေ့ညက အတော်အကျပ်ကျဦးမည်ဟု သတိရမိပါသေးသည်။ ဈေးအနီး၌ရှိသော ခေါက်ဆွဲဆိုင်များသို့ ရောက်သောအခါ ဤညနေ ရထားထွက်မည်မဟုတ်ဆိုသော သတင်းမှန်ကန်ကြောင်း၊ သို့သော် စစ်ကိုင်းမှရွှေဘိုသို့သွားသော ကုန်တင်ကားများရှိ၍ လိုက်နိုင်ကြောင်း သိရလေ၏။ ခေါက်ဆွဲဆိုင်၌ မန္တလေးမှ အသိဟောင်းမိန်းမကြီးတစ်ယောက်နှင့်တွေ့၍ မေးမြန်းစုံစမ်းရာ သူ့မှာလည်း ရွှေဘိုသို့ တစ်ယောက်တည်းသွားရမည်ဖြစ်၍ ကျွန်ုပ်နှင့် အဖော်ရလေပြီဆိုကာ ဝမ်းမြောက်ဝမ်းသာအဖော်သွေးသဖြင့် ကားနှင့်လိုက်ဖို့ ဆုံးဖြတ်လိုက်လေ၏။ သုံးနာရီလောက်တွင် ကားထွက်၍ ကျွန်ုပ်တို့နှစ်ယောက်နှင့် တခြားခရီးသည်သုံးလေးယောက်တို့သည် ကုန်ပစ္စည်းများကြားမှ ကျပ်တည်းကျဉ်းကျုတ်စွာထိုင်၍ လိုက်ကြရ၏။ ဆားတောင်ရွာနှင့် တခြားရွာတစ်ရွာကြားသို့ရောက်သောအခါ ကားဘီးပေါက်သည်နှင့် ရပ်နားကြရ၏။ အပိုဘီးမပါသောကြောင့် ပေါက်သောကားဘီးကို ဖာကြလေရာ ပြီးသောအခါ မိုးချုပ်ပြီဖြစ်၍ လမ်းခုလတ်၌ပင် အိပ်ကြရ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

ပခုက္ကူ ဇူလိုင် ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇူလိုင်လ ၂၀ ရက်တွင် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန (ပခုက္ကူခရိုင်ရုံး) လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးအောင်က မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းများ၊ အရေးပေါ် မီးငြိမ်းသတ်နည်းများနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဟောပြောဆွေးနွေးပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနုဝင်းက သဘာဝဘေးအန္တရာယ်ဖြစ်ပွားရသည့်အကြောင်းရင်းများ၊ ဘေးအန္တရာယ်အမျိုးအစားများအလိုက် ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ဘေးအန္တရာယ်ဖြစ်ပွားမှုလျော့နည်းစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် သတိပေးထုတ်ပြန်ချက်များကို အသိပညာပေး ရှင်းလင်းပြောကြားကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစန်းအောင်နှင့်ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်နှင့် ဆရာမများ၊ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ် (၁၀) မှ သင်တန်းသူများ တက်ရောက်ကြပြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီရုံး အနောက်ဘက်ရှိ ငလိုက်ရာဘာရေလှောင်ဆည်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများနှင့်အတူ ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်များကို ငလိုက်ရာဘာရေလှောင်ဆည်အတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းနှင့် ငါးခုံးမ သားပေါက်ကောင်ရေ ၁၁၀၀၀ ကို စားနပ်ရိက္ခာပေါကြွယ်ဝရေး၊ ရေသယံဇာတများထိန်းသိမ်းရေး၊ ငါးမျိုးမပြုန်းတီးရေး စသည့်ရည်ရွယ်ချက်များဖြင့် ငလိုက်ရာဘာရေလှောင်ဆည်အတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာကွင်းအမှတ်(၁၆၂၀) ယာယီရှင်းလင်းဆောင်၌ တောင်သူများနှင့်တွေ့ဆုံ၍ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျ စိုက်ပျိုးရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့် သီးနှံများစိုက်ပျိုးနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာကို အဓိကထားသုံးစွဲရေးနှင့် တောင်သူများ သဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်ရေး၊ မြေပြုပြင်ရာတွင် စံချိန်မီအောင်ပြုပြင်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များကိုရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပေါ်ဆန်းနှင့် အောင်နိုင်တိုးစပါးမျိုးများကို အဓိကထားစိုက်ပျိုးနိုင်ရေး၊ ကြဲခင်းစနစ် ပပျောက်အောင် မျိုးစေ့ချကိရိယာနှင့် လက်ဆွဲကောက်စိုက်စက်များ အသုံးပြုစိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မျိုးစပါးများ၊ မျိုးစေ့ချကိရိယာများနှင့် သွင်းအားစုများအား တောင်သူများထံ ပေးအပ်ပြီး တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နွေစပါးရိတ်သိမ်းပြီး စိုက်ခင်းများအား မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး စက်ယန္တရားများဖြင့် မြေပြုပြင်နေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံ သစ်တပ်ကျေးရွာအကြား လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရေမြောင်းများအား သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျတူးဖော်ရေးနှင့်ရှင်းလင်းဆောင်ရွက်ထားရေး၊ Box Culvert များတွင် အမှိုက်များ ပိတ်ဆို့မှုမရှိစေရေးနှင့် လမ်းဘေး ဝဲ/ယာသန့်ရှင်းသာယာလှပရေးတို့ကိုမှာကြားသည်။

ဆက်လက်၍ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇဌာနီလမ်းမကြီး လမ်းပိုင်းများအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် Regulating Course Mix Design ပြန်လည်အဆင့်မြှင့်တင် ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# မိုးစပါးစိုက်ပျိုးနည်းကွင်းသရုပ်ပြပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်



**လွိုင်ကော် ဇူလိုင် ၂၀**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိုးစပါးစိုက်ပျိုးနည်းကွင်းသရုပ်ပြပွဲနှင့် ယူရီးယားဓာတ်မြေဩဇာပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ပဒါးဒေါ့ကျေးရွာ စက်မှုလယ်ယာစနစ်ကျလယ်မြေ၌ပြုလုပ်သည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က သီးနှံများပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက်လိုအပ်သည့် မျိုး၊ မြေ၊ ရေနှင့် အရင်းအနှီးများကိုတတ်နိုင်သရွေ့ ကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၍ ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် မိမိတို့ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ ထို့ပြင် သီးနှံများ သီးထပ်သီးညှပ်စိုက်ပျိုးခြင်းနှင့် ဟင်းသီးဟင်းရွက်များ၊ စားဖိုဆောင်သီးနှံများကို ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက တောင်သူများ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရန် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များကို အကျယ်တဝင့်ရှင်းလင်းတင်ပြပြီး တောင်သူများသိရှိလိုသည်များကိုပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နွားလဝိုးကျေးရွာအုပ်စု ပဒါးဒေါ့ကျေးရွာမှ အောင်နိုင်တိုးမိုးစပါးစိုက်ပျိုးသည့်တောင်သူတစ်ဦးအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ပဒါးဒေါ့၊ လယ်ထွဲနှင့် နွားလဝိုးရွာမကျေးရွာတို့မှ အောင်နိုင်တိုးနှင့် ရွှေအပ်စပါးစိုက် တောင်သူများအားလည်းကောင်း ယူရီးယားဓာတ်မြေဩဇာများကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးအပ်ရာ တောင်သူကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သက်သာသောနှုန်းထားဖြင့်ရောင်းချပေးမည့် ယူရီးယားဓာတ်မြေဩဇာများ ခင်းကျင်းထားမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေး၊ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ သီးရွက်ဖျန်းအားဆေးများ စနစ်တကျအသုံးပြုပုံ ရှင်းလင်းပြောကြားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်မှုလယ်ယာစနစ်ကျလယ်မြေ ကွင်းအမှတ် ၁၂၆(က) တောင်သူခွန်ချစ်ဦး၏ လယ်မြေ၌ အောင်နိုင်တိုးစပါးမျိုးဖြင့် ပညာပေးကွင်းသရုပ်ပြ စိုက်ပျိုးနေမှုနှင့် မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် ကွင်းသရုပ်ပြစိုက်ပျိုးနေမှုများကိုကြည့်ရှုအားပေးပြီး တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်နယ်၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် မွေးမြူရေးလုပ်ငန်းရှင်များအား သရုပ်ပြပညာပေးဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် စံပြဝက်မွေးမြူရေးခြံသို့သွားရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က စံပြဝက်မွေးမြူရေးဖြစ်သည့်အတွက် ဝက်မွေးမြူ ဆောင်ရွက်လိုသူများအား စနစ်တကျ ပညာပေးသရုပ်ပြသနိုင်ရေးနှင့် ဝက်သားပေါက်များကို စဉ်ဆက်မပြတ် မွေးမြူဖြန့်ဖြူးနိုင်ရေး၊ အနံ့အသက်ဆိုးများမထွက်ရှိစေရေးနှင့် ကူးစက်ရောဂါများ မကျရောက်စေရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ငှက်ပျော ၅၂ ဧက ခုတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ငှက်ပျော ၅၂ ဧက ခုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ငှက်ပျောခိုင် ၁၄၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။


ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ငှက်ပျောဧက ၁၀၂၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါငှက်ပျောစိုက်ခင်းများကို တောင်သူများက ဇူလိုင်လ ဒုတိယပတ်မှ စတင်ခုတ်သိမ်းခဲ့ရာ လက်ရှိတွင် ၅၂ ဧက ခုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ငှက်ပျောခိုင် ၁၄၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ငှက်ပျောဧက ၁၀၂၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ သတ်မှတ်လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ပြီး လက်ရှိမှာ အရင်စိုက်ပျိုးခဲ့တဲ့ ငှက်ပျောစိုက်ခင်းတွေကို ပြန်လည်ခုတ်သိမ်းနေပါတယ်။ လက်ရှိမှာ ၅၂ ဧက ခုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ငှက်ပျောစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးကြဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ ပိုးမွှားရောဂါမကျရောက်စေဖို့ စိုက်ပျိုးရေးအသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောပင် ၁၀၀၀ ခန့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် စိုက်ပျိုးစရိတ် ငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျကာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ် သိန်း ၅၀ ခန့်ရရှိကြောင်းနှင့် ယခုနှစ်တွင် ငှက်ပျောဈေးကွက်ကောင်းမွန်နေသဖြင့် တိုးချဲ့စိုက်ပျိုးသူများလာကြောင်း သိရသည်။

ဈေးကွက်ရှိသည့် မျိုးကောင်းမျိုးသန့် ငှက်ပျောကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် စိုက်ပျိုးသည့်တောင်သူများ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




# ညောင်ရွှေမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုး

**ညောင်ရွှေ ဇူလိုင် ၂၀**



သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန်၊ ဂေဟာစနစ်ထိန်းသိမ်းနိုင်စေရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန်နှင့် အင်းလေးကန်ရေဝေရေလဲဒေသ၌ သစ်တောများ ပြန်လည်ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၂၀ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ရွာသာကျေးရွာအုပ်စု ရွှေခါးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက ဒေသခံပြည်သူတစ်ဦး ထံသို့လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကိုကိုမောင်က ဌာနဆိုင်ရာတာဝန်ရှိသူများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဦးက ဒေသခံပြည်သူတစ်ဦးထံသို့လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်မွန်ဦးက ဒေသခံပြည်သူတစ်ဦးထံသို့လည်းကောင်း ပျိုးပင်များ အသီးသီး ပေးအပ်သည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသူများက စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မာတာကွတ်ပျိုးပင် ၁၇၀၊ ပြည်လုံးချမ်းသာပျိုးပင် ၁၅၀၊ အာဖကန်ကျူးလစ်ပျိုးပင် ၁၀၀၊ စိန်ပန်းပြာပျိုးပင် ၁၀၀၊ စိန်ပန်းနီပျိုးပင် ၃၀ စုစုပေါင်းပျိုးပင်၅၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# တိုင်းရင်းဆေးအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြော

**သထုံ ဇူလိုင် ၂၀**

မွန်ပြည်နယ် သထုံမြို့နယ် လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း(သထုံ)၌ ခရိုင်တိုင်းရင်းဆေး ပညာဦးစီးဌာန၊ ခရိုင်ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတဖွံ့ဖြိုးစေရန် တိုင်းရင်းဆေးအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁၉ ရက်က ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ သထုံခရိုင် တိုင်းရင်းဆေးရုံအုပ်ကြီး ဦးဇော်မိုးထွေးက တိုင်းရင်းဆေးပညာအရ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ညီညွတ်မျှတအောင် နေထိုင်ခြင်းနည်းလမ်းများ၊ တိုင်းရင်းဆေးကျမ်းများအရ ကျန်းမာရေးကောင်းသူတစ်ဦး၏ လက္ခဏာများ၊ တစ်ကိုယ်ရေကျန်းမာရေးအတွက် စောင့်ထိန်းလိုက်နာသင့်သည့် နေထိုင်စားသောက်ခြင်းနည်းလမ်းများ စသည့် ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောသည်။

ယင်းနောက် သထုံခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်အိသွယ်မိုး၊ ခရိုင်တိုင်းရင်းဆေးရုံအုပ်ကြီးနှင့် တိုင်းရင်းဆေးပညာရှင်များက တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(သထုံ)မှ တာဝန်ရှိသူများကို တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကုသပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားသို့ သထုံခရိုင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(သထုံ)မှ ကျောင်းအုပ်ကြီး ဦးလောင်းထန်နှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# မြေနဲလေးကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး

**ညောင်ဦး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဇူလိုင်လ ၁၉ ရက်က မြေနဲလေးကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းမပြုဘဲ စနစ်တကျစွန့်ပစ်ကြရန်၊ မီးခိုးမြူငွေ့အန္တရာယ်နှင့်ပတ်သက်၍ တွေ့ကြုံရမည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမဖြစ်အောင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာသိကောင်းစရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တောအုပ်ကြီး ဦးသိန်းနိုင်ဦးက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြုန်းတီးမှု လျော့နည်းစေရေးအတွက် ထင်းအစား တခြားလောင်စာ တိုးမြှင့်သုံးစွဲရေးအကြောင်း သိကောင်းစရာများ၊ ဂေဟစနစ်များ ကောင်းမွန်ရေးနှင့် ရာသီဥတုမျှတကောင်းမွန်စေရေးအတွက် သစ်တောသစ်ပင်များ စိုက်ပျိုးပြီး ကာကွယ်ထိန်းသိမ်းရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဖာပွန်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဖာပွန် ဇူလိုင် ၂၀

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်း(ရပ်ကွက်-၄)မြစိမ်းရောင်စီမံကိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်လ ၂၀ ရက် နံနက်ပိုင်းတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမမောင်း(ရပ်ကွက်-၄)မြစိမ်းရောင်စီမံကိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကမမောင်း(ရပ်ကွက်-၄)၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၅ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# ပလတ်စတစ်ကင်းစင်ရေးနှင့် အမှိုက်များစနစ်တကျ စွန့်ပစ်ရေး Plastic Campaign ဆောင်ရွက်



ကသာ ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်၍ ပတ်ဝန်းကျင်သာယာလှပစေရန် ပလတ်စတစ်ကင်းစင်ရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးတို့အတွက် Plastic Campaign ကို ဇူလိုင်လ ၂၀ ရက်နံနက်ပိုင်းတွင် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်အတွင်းရှိ ဧရာဝတီမြစ်ကမ်းတစ်လျှောက်တို့၌ ဆောင်ရွက်သည်။

အဆိုပါ Plastic Campaign ဆောင်ရွက်ရာတွင် ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ ဦးခန့် ပါဝင်ဆောင်ရွက်ကြသည်။

ထို့နောက် ကမ်းနားလမ်းရှိဈေးဆိုင်ခန်းများ၌ အမှိုက်များစနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်အမှိုက်ကင်းစင်ရေးတို့အတွက် တာဝန်ရှိသူများက အသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်ကြောင်း သိရသည်။

**ကျော်စွာထွန်း(ကသာ)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ



ရေနံချောင်း ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မြစ်ရေဝင်ရောက်သည့်အနိမ့်ပိုင်းရပ်ကွက်များနှင့်ဈေးများတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင်လ ၂၀ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဆောင်၍ လျှပ်စစ်ဝန်ထမ်းများက ပြည်သူများလျှပ်စစ်ကိုင်တွယ်သုံးစွဲရာ၌ သတိပြုရမည့်ဆောင်ရန်ရှောင်ရန်အချက်များနှင့် နေအိမ်များတွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများဟောင်းနွမ်းဆွေးမြည့်ပါက အသစ်လဲအသုံးပြုရန် အသိပညာပေးပြောကြားသည်။

ထို့နောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**စိုးသူအောင်**

## သဇင်(FM)အသံလွှင့်အစီအစဉ် ၂၁-၇-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တစ်ကြော့ပြန် ကိုဗစ်-၁၉ ရောဂါနှင့် ဆက်လက်လိုက်နာနေရမည့် ကာကွယ်ရေးနည်းလမ်းများ

**''ကိုဗစ်-၁၉ ရောဂါသည် အိမ်သုံးဆေးများဖြစ်သော အကိုက်အခဲပျောက်ဆေး၊ နှာစေး၊ ချောင်းဆိုးခြင်းကို သက်သာစေသောဆေးနှင့် ဓာတ်ဆားများသောက်သုံးခြင်းဖြင့် သက်သာနိုင်သော်လည်း ရောဂါပြင်းထန်ပါက ပိုးသတ်ဆေးများ သောက်သုံးရသည်။ အထူးသဖြင့် ထိုကာလများတွင် ကိုယ်ခံစွမ်းအားစနစ်ကောင်းမွန်စေရန် နွေးနွေးထွေးထွေးနေထိုင်ခြင်း၊ အာဟာရပြည့်ဝပြီး ပူနွေးသန့်ရှင်းသော အစားအစာများစားသုံးခြင်း၊ ရေများများသောက်ခြင်း၊ စိတ်ရောကိုယ်ပါ အနားယူခြင်းများ လုပ်ဆောင်သင့်ပါသည်. . .''**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစ၍ တရုတ်နိုင်ငံ ဝူဟန်မြို့၌ ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါသည် ၂၀၂၀ ပြည့်နှစ် အစောပိုင်းက ကမ္ဘာအနှံ့သို့ ပျံ့နှံ့ဖြစ်ပွားခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ကြေညာခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်က ကမ္ဘာ့ကပ်ရောဂါအသွင်အဖြစ် ကမ္ဘာအနှံ့သို့ပျံ့နှံ့ကာ ရောဂါဖြစ်ပွားနှုန်းသာမက အသေပျောက်နှုန်းလည်းများခဲ့သည်။ လူဦးရေ ၇၇၅ သန်းကျော်ရောဂါခံစားခဲ့ရပြီး ၇ သန်းကျော် သေဆုံးခဲ့သဖြင့် သေဆုံးနှုန်း သုည ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သည်။ အမှန်တကယ်ဖြစ်ပွားမှုနှုန်း၊ သေဆုံးနှုန်းမှာ လက်ရှိကိန်းဂဏန်းများထက် ပိုများနိုင်မည်ဟုလည်း သိမြင်ခဲ့ကြသည်။ ကမ္ဘာ့ကပ်ရောဂါသမိုင်းတွင် အဆင့် ၅ သေဆုံးမှုအများဆုံးကပ်ရောဂါဖြစ်ခဲ့သည်။

ပြီးခဲ့သည့်ငါးနှစ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမှကာကွယ်ရန် ကျောင်းများ၊ အလုပ်ခွင်များ ပိတ်ထားရပြီး ခရီးသွားလာမှုများကန့်သတ်ထားရသဖြင့် လူမှုရေး၊ စီးပွားရေးထိခိုက်နစ်နာမှုများကို တစ်ကမ္ဘာလုံး ခံစားခဲ့ရသည်။ မိသားစုဝင်များဆုံးရှုံးခြင်း၊ မိမိကိုယ်တိုင် နာမကျန်းဖြစ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲဝေဒနာများခံစားရခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ အစာရေစာရှားပါးခြင်းတို့ကြောင့် စိတ်ဓာတ်ကျဆင်းမှုများကိုလည်း ခံစားကြရသည်။ ကျန်းမာရေးဝန်ထမ်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ ကာကွယ်ဆေးစမ်းသပ်အောင်မြင်ပြီးနောက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှစ၍ ပြည်သူလူထုကို စတင်ထိုးနှံပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်က ပထမလှိုင်း၊ ဒုတိယလှိုင်း၊ ၂၀၂၁ ခုနှစ်က တတိယလှိုင်းအထိ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး အစိုးရ၏ ဦးဆောင်ကြိုးပမ်းမှု၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းဆောင်ရွက်သူများ၏ မလျှော့သောဇွဲလုံ့လနှင့် ကိုယ်ကျိုးစွန့် ဆောင်ရွက်မှုများဖြင့် ကျော်ဖြတ်ခဲ့ကြရသည်။ ကာကွယ်ဆေးများ အချိန်နှင့်တစ်ပြေးညီထိုးနှံနိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ ၂၀၂၂ ခုနှစ် စတုတ္ထလှိုင်းမှစ၍ ရောဂါဖြစ်ပွားနှုန်းများသော်လည်း ရောဂါပြင်းထန်မှုနည်းလာသဖြင့် အသေပျောက်နှုန်းနည်းလာကြသည်။ နောက်ပိုင်းကာလများတွင် မိမိကိုယ်တိုင်ရောဂါခံစားခဲ့ရသဖြင့် ကိုယ်ခံစွမ်းအားရှိလာခြင်းနှင့် ကာကွယ်ဆေးများ တစ်ကြိမ်မက ထိုးနှံခဲ့ရခြင်းကြောင့် ရောဂါပြင်းထန်မှုနည်းလာကြသည်။ ကိုဗစ်-၁၉ ရောဂါကို ရာသီတုပ်ကွေးအသွင်ဖြင့် သတ်မှတ်ပြီး ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲနေထိုင်ရေးမူကို ကျင့်သုံးကာ လူမှုရေး၊ စီးပွားရေးပြန်လည်ဦးမော့လာအောင် ဆောင်ရွက်ခဲ့ကြသည်။

သို့ရာတွင် ကိုဗစ်-၁၉ ရောဂါမျိုးကွဲ အသွင်ပြောင်းများစွာသည် လူထုကြား ဆက်လက်တည်ရှိနေပြီး အခါအခွင့်သင့်လျှင် လှိုင်းအသွင်ဖြင့် လူအများကြားရောဂါဖြစ်ပွားစေခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း ကိုဗစ်-၁၉ ရောဂါမျိုးကွဲများအခြေအနေကို ဆက်လက်စောင့်ကြည့်လေ့လာလျက်ရှိသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ မျိုးကွဲ BA.2.86 နှင့် JN.1 ကိုအထူးစောင့်ကြည့်လေ့လာခဲ့သည်။ လက်ရှိတွင် JN.1၊ NB.1.8.1၊ XEC၊LP.8.1၊ XFG တို့မှာ ကမ္ဘာ့နိုင်ငံတချို့တွင် ရာသီတုပ်ကွေးအသွင်ဖြင့် ပျံ့နှံ့ဖြစ်ပွားလျက်ရှိသော်လည်း ဆေးရုံတက်ရောက်ကုသရနှုန်း၊ သေဆုံးနှုန်းမှာ နည်းလာသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဆက်လက်ခံယူထားပြီး ရောဂါပိုးအခြေအနေ၊ ရောဂါဖြစ်ပွားမှုနှင့် ရောဂါလက္ခဏာများကို ဆက်လက်စောင့်ကြည့်နေခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း မေလဆန်းမှစ၍ ရောဂါဖြစ်ပွားမှုကို စတင်သိရှိခဲ့ပြီး မေလအတွင်း လူနာခြောက်ဦးကို တွေ့ရှိခဲ့သည်။ ရာခိုင်နှုန်းအနေဖြင့် သုည ဒသမ ၂၂ ရာခိုင်နှုန်းရှိသည်။ ဇွန်လအတွင်း၌ လူနာသစ်တွေ့ရှိမှု ၁၀၀ နီးပါးရှိလာခဲ့သည်။ အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ တွေ့ရှိရပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်တချို့တွင်လည်း အနည်းငယ်စီဖြစ်ပွားခဲ့သည်။ ကိုဗစ်-၁၉ရောဂါနှင့်ဆက်စပ်သေဆုံးမှုဦးရေ သတင်းပို့အချက်အလက်များမရှိခဲ့ပါ။ သို့ရာတွင် ကျန်းမာရေးဌာနသို့ သတင်းမပို့၊ စစ်ဆေးမှုမခံယူဘဲ မိမိအိမ်အတွင်း၌သာ အိမ်သုံးဆေးသောက်ပြီးသက်သာသူ ဆေးခန်းများတွင် တုပ်ကွေးအဖြစ် ပြသကုသမှုခံယူသူများစွာ ရှိနေခဲ့သည်။ ထို့ကြောင့် ကျန်းမာရေးဌာနများမှ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး အသက် ၆၅ နှစ်နှင့်အထက်၊ ကိုယ်ဝန်ဆောင်သုံးလနှင့်အထက်ရှိသူ၊ ကိုယ်ခံစွမ်းအားကျဆင်းနေသူ၊ ကင်ဆာရောဂါ၊ ဆီးချိုရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ နာတာရှည်ရောဂါရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် အိမ်သုံးဆေးများဖြစ်သော အကိုက်အခဲပျောက်ဆေး၊ နှာစေး၊ ချောင်းဆိုးခြင်းကို သက်သာစေသောဆေးနှင့် ဓာတ်ဆားများသောက်သုံးခြင်းဖြင့် သက်သာနိုင်သော်လည်း ရောဂါပြင်းထန်ပါက ပိုးသတ်ဆေးများပါ သောက်သုံးရသည်။ အထူးသဖြင့် ထိုကာလများတွင် ကိုယ်ခံစွမ်းအားစနစ်ကောင်းမွန်စေရန် နွေးနွေးထွေးထွေးနေထိုင်ခြင်း၊ အာဟာရပြည့်ဝပြီး ပူနွေးသန့်ရှင်းသော အစားအစာများစားသုံးခြင်း၊ ရေများများသောက်ခြင်း၊ စိတ်ရောကိုယ်ပါအနားယူခြင်းများ လုပ်ဆောင်သင့်ပါသည်။ ရောဂါဝေဒနာခံစားနေရချိန်တွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ မလုပ်သင့်ပါ။ ရောဂါပြင်းထန်ပါက သက်ဆိုင်ရာကျန်းမာရေးဌာနများသို့ပြသကာ စနစ်တကျကုသမှုခံယူရပါမည်။ ပြင်းထန်သော ကိုဗစ်-၁၉ ရောဂါသည် သွေးဆိပ်ပြန့်ခြင်း၊ နှလုံးရောင်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် ခန္ဓာကိုယ်အနှံ့သွေးခဲများ ပိတ်ဆို့ခြင်းကိုဖြစ်စေကာ အသက်အန္တရာယ် ထိခိုက်စေနိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါလှိုင်းအသွင်ဖြင့် ပျံ့နှံ့ဖြစ်ပွားနေချိန်တွင် ရောဂါမကူးစက်စေရန် ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးရန် လိုအပ်သည်။ အဓိကအားဖြင့် အသက်ရှူလမ်းကြောင်းမှ ကူးစက်တတ်သောရောဂါဖြစ်သောကြောင့် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေသင့်သကဲ့သို့ လူစုလူဝေးရှိရာသို့ သွားလျှင် နှာခေါင်းစည်းတပ်ဆင်သင့်ပါသည်။ ရောဂါရှိသူထံမှ နှာစေး၊ ချောင်းဆိုး၊ စကားပြော၊ အသက်ရှူထုတ်ခြင်းဖြင့် ရောဂါပိုးမွှားများ အနီးရှိသူများကို ကူးစက်နိုင်သဖြင့် ပါးစပ်ကိုအုပ်၍ နှာစေး၊ ချောင်းဆိုးခြင်းနှင့် နေမကောင်းစဉ် နှာခေါင်းစည်းတပ်ဆင်ထားရန် လိုအပ်သည်။ ရောဂါပိုးများကပ်ငြိနေသည့် အသုံးအဆောင် တံခါး၊ စားပွဲ စသည်တို့ကို ထိတွေ့ခြင်းဖြင့် မိမိထံသို့ ကူးစက်နိုင်သောကြောင့် လက်ကို ဆပ်ပြာနှင့် စနစ်တကျဆေးကြောသင့်သကဲ့သို့ ရေမလိုလက်သန့်ဆေးရည်များကိုလည်း မကြာခဏ အသုံးပြုသင့်သည်။ လက်ဖြင့် မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များကို ကိုင်တွယ်တတ်သည့်အလေ့အကျင့်ကို ရှောင်ကြဉ်ရပါမည်။ နေမကောင်းစဉ် မိမိထံမှ သူတစ်ပါးသို့မကူးစက်စေရန် မိမိအိမ်တွင်း၌ သီးသန့်နေထိုင်သင့်သည်။ ရောဂါကူးစက်ပြန့်ပွားနိုင်သောကာလမှာ ရှစ်ရက်ရှိသဖြင့် ထိုကာလအတွင်း တခြားသူသို့ ကူးစက်ပြန့်ပွားမှုမရှိစေရန် သတိပြုဆင်ခြင်နေထိုင်ရပါမည်။

ကိုဗစ်-၁၉ ရောဂါခံစားရပြီးနောက်ပိုင်း လူနာ ၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲဝေဒနာများအဖြစ် နုံးချိခြင်း၊ ကောင်းစွာအလုပ်မလုပ်နိုင်ခြင်း၊ ချွေးများထွက်ခြင်း၊ ရင်တုန်ခြင်း၊ မှတ်ဉာဏ်နှင့် ဦးနှောက်စွမ်းဆောင်ရည်များကျဆင်းခြင်း၊ ကြွက်သားများအားနည်းခြင်းတို့ကို ခံစားရနိုင်သည်။ ထို့ပြင် နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းများလည်း ခံစားရတတ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အမြဲသတိရှိနေရန်နှင့် ကာကွယ်ရမည့်နည်းလမ်းများကိုလည်း ဆက်လက်လိုက်နာကျင့်သုံးရန် လိုအပ်သည်။ ကျန်းမာရေးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်သော သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာလျက် ရောဂါဖြစ်ပွားကူးစက်နိုင်မှုလျှော့ချနိုင်ရန် ကာကွယ်နိုင်မှုနည်းလမ်းများကိုလည်း ဆက်လက်လိုက်ပါဆောင်ရွက်နေရမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ဒေါက်တာဥမ္မာစော**

# မင်းတုန်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



မင်းတုန်း ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် တံတားကျေးရွာအုပ်စု ကွင်းအမှတ်(၃၂၈) တောင်သူ ဒေါ်ခင်ယုမေ၏လယ်မြေ၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဇူလိုင်လ ၂၀ ရက်တွင် ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် တံတားကျေးရွာအုပ်စုရှိ တောင်သူများ တက်ရောက်ခဲ့ကြသည်။

မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်ဆွဲကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခဲ့ကြသည်။

ထိုသို့ လက်ဆွဲကောက်စိုက်စက် အသုံးပြုစိုက်ပျိုးခြင်းဖြင့် လုပ်သားအင်အားရှားပါးမှုမှ ကျော်လွှားနိုင်ခြင်း၊ တစ်ကေထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်း၍ အကျိုးအမြတ်ပိုမိုရရှိခြင်း၊ တစ်ရက်လျှင် ကောက်စိုက်စက်တစ်စီးကို သုံးဧကနှင့်အထက် စိုက်ပျိုးပြီးစီးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိသည့်အတွက် တောင်သူများ တွင်တွင်ကျယ်ကျယ်အသုံးပြုလာစေရန် ရည်ရွယ်၍ ကွင်းသရုပ်ပြ စိုက်ပျိုးဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ချမ်းမြေ့**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လုပ်ငန်းဆောင်ရွက်မှုများအားကွင်းဆင်းကြည့်ရှု



ညောင်ဦး ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းများ ပြီးမြောက်မှုအခြေအနေအား ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်းတွင်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် တာဝန်ရှိသူများက ပုဂံမြို့ သီရိပစ္စယာရပ်ကွက် လောကနန္ဒာ စွယ်တော်မြတ်စေတီတော်ကြီးတွင် ငြိမ်းချမ်းရေးခေါင်းလောင်းတော်များ တပ်ဆင်လှူဒါန်းနိုင်ရန် ပုံစံဒီဇိုင်းနှင့်ပတ်သက်၍ လောကနန္ဒာစာသင်တိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယထံ လျှောက်ထားတင်ပြကြပြီး ဆရာတော်ထံမှ ဩဝါဒခံယူကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညီမွန်းနှင့် တာဝန်ရှိသူများက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)၏ ကြီးကြပ်မှုဖြင့် တာမဏီသိမ်တွင် သံပန်း၊ ငှက်လုံဆန်ခါ တပ်ဆင်ထားခြင်းနှင့် လျှပ်စစ်မီးစနစ်တကျ သွယ်တန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး တောင်ဘက်နှင့်မြောက်ဘက် အာရုံခံတန်စောင်း မျက်နှာကြက်များအား အရောင်တင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ တောင်ဘက်အာရုံခံတန်စောင်း မျက်နှာကြက်များ ရွှေမိုက်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အာနန္ဒာဘုရားကြီး၏ကွမ်းထောင်တော်၊ အထွတ်စေတီတော်၊ မုခ်ကပ်ဆင်းတုတော် ၂၀ နှင့် နတ်ရုပ်ကြီးများအား ရွှေသင်္ကန်းကပ်လှူနိုင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဓမ္မရံကြီးဘုရား မြောက်ဘက်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူနိုင်ရေးနှင့် အနောက်ဘက် ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်းလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

**ဒီပါလင်း**

# ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးမျိုးကွဲများအလိုက် ၅၂၈၁၇ ဧက လျာထားစိုက်ပျိုး

ကျောက်ဆည် ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မိုးစပါးများကို စပါးမျိုးကွဲများအလိုက် ၅၂၈၁၇ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာ၌ ရောမင်း ၄၈၂၉၃ ဧက၊ မနောသုခ ၂၅၂၄ ဧက၊ ရွှေမနော်ဧက ၁၅၀၀၊ အောင်နိုင်တိုးဧက ၂၀၀၊ GW-11 ဧက ၃၀၀ စုစုပေါင်း ၅၂၈၁၇ ဧကဖြစ်သည်။ မိုးစပါးများကို ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ၃၅၉၉၄ ဧက၊ကင်းတားရေသောက်စနစ်ဖြင့် ၁၆၀၂၇ ဧက၊ သစ်တက္ကုန်းဆည်ရေသောက်စနစ်ဖြင့် ၄၃၆ ဧက၊ မိုးရေဖြင့် ဧက ၂၅၀၊ မြေအောက်ရေ (စက်ရေတွင်း)ဖြင့် ဧက ၁၁၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။

ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့အနေဖြင့် လျာထားမိုးစပါးသီးနှံများ ပြည့်မီကျော်လွန်စွာစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် ပူးပေါင်း၍ စိုက်လျက်ရှိကြောင်းနှင့် စိုက်ပျိုးသီးနှံများအောင်မြင်စေရေး သက်ဆိုင်ရာဦးစီးဌာနများမှ ဒေသနှင့်ကိုက်ညီသည့်မျိုးများဖြန့်ဝေခြင်း၊ စိုက်နည်းစနစ်များအား အသိပညာပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေများလုံလောက်စွာပေးဝေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်

ကျိုက်လတ် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်စေရေး၊ ပိုးလောက်လမ်းများပေါက်ပွားမှုမရှိစေရေးအတွက် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပညာပေးခြင်းများဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်းတွင် ကျိုက်လတ်မြို့နယ်ရှိ ရပ်ကွက်များ၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိသူများ ဦးဆောင်သောအသင်းအဖွဲ့များက အမှတ်(၃)ရပ်ကွက်အတွင်းရှိ နေအိမ်များတွင်မိုးကြိုကာလသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်များအလွယ်တကူ ပေါက်ပွားနိုင်သည့် ရေတွင်း၊ ရေကန်များ၊ ဘုရားပန်းအိုးများ၊ ရေစည်၊ ရေပုံးများတွင် ပိုးလောက်လမ်းများပေါက်ပွားမှုမရှိစေရေးအတွက် အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်ကြသည်။

ထို့နောက် တာယာခွံများ၊ ရေဘူးများတွင် ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရေးအတွက် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်ရှိသည့်အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာတို့တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မင်းအောင်**



# အေးအတူ ပူအမျှ

❖ ချိုအီဆိမ့်မွှေး၊ စာကောင်းကျွေးလည်း
မွေးမိစီမံ၊ ကောက်ညှင်းဆန်မျှ
အာခံတွင်းထက် မပြိုးပြက်။

❖ ပိုးဖဲဆင်မည်၊ ကမ်းလှမ်းသည်လည်း
ဖျင်ထည်ချည်ရက်၊ အမိလက်မျှ
နှစ်သက်ခုံမင် မဝတ်ချင်။

❖ နတ်နန်းမျှကို၊ နေပါဆိုလည်း
တဲအိုလွတ်လပ်၊ မိနေရပ်မျှ
နေအပ်သည်ပင် မမှတ်ထင်။

❖ ပျားရည်ဆမ်းထား၊ နှုတ်ခမ်းခါးဖြင့်
မြှောက်စားပင့်ဆို၊ နားဝင်ချိုစေ
ကောင်းလိုမှတ်ပိုက်၊ အမေရိုက်က
နှစ်ခြိုက်ခံသာ စေတနာ။

❖ မိခင်ပီစွာ၊ ကိုယ့်အိမ်သာစိမ့်
ရန်းကာနေဆဲ၊ သည်ဆင်းရဲကို
အံခဲခံယူ၊ မလိုသူ၏
မြှူဆွယ်ကျုံးသွင်း၊ မသက်ဆင်းပြီ
သွေးချင်းတစ်စိတ် တစ်ဝမ်းတည်း။ ။

**ကို(တက္ကသိုလ်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၇။ | ၁၉:၀၀ | **ရုပ်မြင်သံကြား ဇာတ်လမ်း လွမ်းလို့ကျန်ရစ်ခဲ့မှာကို အားနာပါတယ်လေ (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်- ရဲအောင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ ဒါရိုက်တာ- အောင်မြင့်မြတ်** |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် | | | |
| ၃။ | ၀၉:၀၀ | Soft Skill | | | |
| ၄။ | ၁၁:၀၀ | ကမ္ဘာ့ရေးရာ မှတ်သားစရာ | | | |
| ၅။ | ၁၂:၀၀ | လူတိုင်းကျန်းမာ သိမှတ်စရာ | | | |
| ၆။ | ၁၄:၀၀ | Myanmar Traditional Food | | | |

## MWD Variety Channel ၂၁-၇-၂၀၂၅ (တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၃၉ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၂။ | ၁၀:၃၀ | ပရိသတ်အတွက် ကဗျာလက်ဆောင် |
| ၃။ | ၁၁:၃၀ | Countries of the World |
| ၄။ | ၁၂:၁၈ | Knowledge Note |
| ၅။ | ၁၄:၃၇ | သတိမမူ ဂူမမြင် |
| ၆။ | ၂၂:၂၄ | လူငယ်များရဲ့စွမ်းပကား နိုင်ငံတော်ရဲ့အား |

# ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါနှမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၉ ဒသမ ၅၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်မှာ နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီနှမ်းစိုက်ခင်းအားလုံး လက်ရှိမှာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်တဲ့မျိုးတွေ စိုက်ပျိုးကြဖို့ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးတာတွေ ကြိုးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေနှမ်းစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းကောင်းသော နှမ်းမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



နှမ်းကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဘုတ်ပြင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ဘုတ်ပြင်း ဇူလိုင် ၂၀

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကမာချောင်းကျေးရွာအုပ်စု အေးချမ်းမြိုင်-၁ ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင်လ ၂၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဦး၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အေးချမ်းမြိုင်-၁ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ငွေကျပ်သိန်း ၃၀၀ မတည်ပေးခဲ့ပြီး ယခုအခါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း ၃၇ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၅ ဒသမ ၂ သန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးထားကာ အဆိုပါချေးငွေများဖြင့် ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုကြောင်း သိရသည်။

**အိပိုးပိုး**

# မိတ္ထီလာမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ

မိတ္ထီလာ ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ဒေသခံတောင်သူများ မျိုးစေ့ချကိရိယာကို တွင်ကျယ်စွာအသုံးပြုနိုင်ရေး မျိုးစေ့ချကိရိယာ(10– Row Seeder)ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင်လ ၁၉ ရက်က မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာရှိ ဦးပိုင်အမှတ်(၂၀) ကွင်းအမှတ်(၈၅၅) ရှိ တောင်သူ ဦးချစ်လှိုင်၏ လယ်မြေတစ်ဧက၌ ကျင်းပသည်။

ယင်းသရုပ်ပြပွဲတွင် မိတ္ထီလာခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းက မျိုးစေ့ချကိရိယာအသုံးပြု၍ စိုက်ပျိုးရာတွင် လယ်မျက်နှာပြင်ညီညာရန် လိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်ဖြင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း၊ တစ်ဧကကောက်ကွက်ပြည့်မီခြင်း၊ အချိန်တိုအတွင်း စိုက်ဧကများစွာစိုက်ပျိုးနိုင်ခြင်းနှင့် မျိုးစေ့ချကိရိယာ၏စက်မှုပိုင်းဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများတက်ရောက်ကြည့်ရှုကြသည်။

စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်အတွင်း ဒေသခံတောင်သူများ မျိုးစေ့ချကိရိယာကို တွင်ကျယ်စွာအသုံးပြုနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းနိုင်စေရေး၊ လုပ်သားအင်အားရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများစွာ စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း စသည့်ကောင်းကျိုးများစွာရရှိစေရန်ရည်ရွယ်၍ သရုပ်ပြပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(၆၀၂)**

# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းသားများအား အမေရိကန်နိုင်ငံမှ ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်

ရန်ကုန် ဇူလိုင် ၂၀

နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိမည့် နိုင်ငံတကာအိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို အမေရိကန်နိုင်ငံ National Association of Realtors (NAR)အသင်းမှ လာရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) နှစ်ပတ်လည်အသင်းသားစုံညီသင်းလုံးကျွတ်အစည်းအဝေး (2025–AGM) တွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်း၏ပြောကြားချက်အရ သိရသည်။

အဆိုပါသင်းလုံးကျွတ်အစည်းအဝေးကို ဇူလိုင်လ ၂၀ ရက်က ရန်ကုန်မြို့ရှိ Sky Star Hotel ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ARENA S.G Mr. Soma Sundram၊ Thai Real Estate Broker Association (TREBA) President Mr. Prawit Anusiri၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ အမှုဆောင်များနှင့် အသင်းဝင်များတက်ရောက်ကြသည်။

"မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းအနေနဲ့ အာဆီယံအိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းတွေသာမက နိုင်ငံတကာအိမ်ခြံမြေလုပ်ငန်းတွေအထိ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းက အသင်းသားတွေကို အမေရိကန်နိုင်ငံ National Association of Realtors (NAR) နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိမယ့် နိုင်ငံတကာက အိမ်ခြံမြေအတွေ့အကြုံတွေ၊ အိမ်ခြံမြေဝန်ဆောင်မှုနဲ့သက်ဆိုင်တဲ့ ဥပဒေပညာရပ်တွေ၊ နည်းပညာရပ်ဆိုင်ရာတွေကို သင်ကြားပို့ချပေးမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းကပြောသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းအနေဖြင့် ၂၀၂၅ ခုနှစ် ဇွန်လတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ Nihon University ၌ အမေရိကန်နိုင်ငံမှ National Association of Realtors (NAR) အသင်း၊ ဂျပန်နိုင်ငံမှ JARECO, Japan – America Real Estate Coalition Organization၊ Long Island Board of Realtors အသင်းတို့နှင့် သဘောတူလက်မှတ်များ ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# ကျောက်ဖြူမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ကျောက်ဖြူမြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် ( ကြည်း၊ ရေ၊လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**


(၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် ( ကြည်း၊ ရေ၊လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်စက်ပစ်ကွင်း(ပြင်ဦးလွင်)၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။


ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ကြပြီး တပ်မတော်ပစ်ခတ်စဉ်(အမျိုးသား) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ တတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တပ်မတော်ပစ်ခတ်စဉ်(အမျိုးသမီး) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်း၊ တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း၊ တတိယရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ရိုင်ဖယ်လက်ဖြောင့်ပွဲစဉ်တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း၊ ရိုင်ဖယ်(အမျိုးသား)ပွဲစဉ်(၂)တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုကြီး၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရဒိုင်းငယ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ပြိုင်ပွဲဝင်အသင်း (၁၈) သင်းဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)




❍ ကျောဖုံးမှအဆက်

အကြွင်းအကျန် တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင်လ ၂၁ ရက်မှ ၂၆ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# CLUB ပေါင်းစုံမျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများနှင့် ဆီးဂိမ်းမွေလက်ရည်စစ်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် CLUB ပေါင်းစုံမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများနှင့် ဆီးဂိမ်းမွေလက်ရည်စစ်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် တွဲဆိုင်း(၁၁)ဆိုင်း ပါဝင်ထိုးသတ်ကြရာ သုံးချီပြိုင်ပွဲ ကျော်မြတ်နိုင်(တော်ဝင်ရော)နှင့် ဟိန်းဝေစိုး(ငှက်အော်စမ်း)တို့ပွဲတွင် လက်ရည်မမျှ၍ ဟိန်းဝေစိုးကိုအနိုင်ပေးခဲ့သည်။ ထို့အတူ ကောင်းထက်ဇော်(STL)နှင့် ရန်ပိုင်စိုး(YMA) တို့ပွဲတွင် ကောင်းထက်ဇော်က ရန်ပိုင်စိုးကို ဒုတိယအချီတွင် အလဲထိုး၍ အနိုင်ယူသွားသည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မွေလက်ရည်စစ်အမျိုးသမီးပြိုင်ပွဲ၌ Eliza-bsth(အဖွဲ့ချုပ်)နှင့် ရွှေသက်ထား(တော်ဝင်ရော)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ Elizabsth က ရွှေသက်ထားကို အမှတ်ဖြင့်အနိုင်ရရှိသွားသည်။

အခြားပွဲစဉ်များဖြစ်သည့် လမင်း(Smart Fight)နှင့် မိုက်ခဲလေး(Ray)၊ ရဲမင်းအောင်(Smart Fight)နှင့် မိုးကြိုး(နဂါးမာန်)၊ ထက်မြတ်(ဝမ်းဝမ်း)နှင့် ပြည့်ဖြိုးအောင်(ကျားဘုရင်)၊ ဇင်ဘိုအောင်(ငှက်အော်စမ်း)နှင့် ဝမ်းစတား(Ray)၊ နိုင်လင်းစိုး(MK 1)နှင့် နိုင်ဇင်ဦး(ကျားဘုရင်)၊ တိုက်မောင်း(အဖြူရောင်သွေးသစ်)နှင့် မျိုးဂျက်ခေါင်(ဝမ်းဝမ်း)၊ ငမိုက်သား(ငှက်အော်စမ်း)နှင့် စောမောင်ငယ်(ဝမ်းဝမ်း)၊ ကျော်နိုင်ထွန်း(အဖြူရောင်သွေးသစ်)နှင့် ကျားသစ်အောင်(MFC)တို့ ပြိုင်ပွဲများတွင် အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း တစ်ဦးနှင့်တစ်ဦးအနိုင်အရှုံးမပေါ်သည့်အတွက် ပူးတွဲသရေဖြင့်သာ ပွဲပြီးဆုံးခဲ့ကြောင်းသိရသည်။

ဝန်းရံခ

# နိုင်ငံတော်အစိုးရက ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့်အခြေအနေများဆွေးနွေး



ရန်ကုန် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသနိုင်မည့်အခြေအနေနှင့် ရိုက်ကူးထုတ်လုပ်ရန်လိုအပ်မှုအခြေအနေကိုလည်းကောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ်အား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူများနှင့် ရုပ်ရှင်ရုံပိုင်ရှင်များ ညှိနှိုင်းပေါင်းစပ်၍ အားလုံးအဆင်ပြေစေမည့် ရုံတင်ပြသမှုစနစ် ပေါ်ပေါက်လာအောင်ဆောင်ရွက်ရန်လိုအပ်နေမှု အခြေအနေကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရက ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့်အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးကြည်စိုးထွန်း၊ ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် ရုပ်ရှင်ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍအသီးသီးကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် “ရုပ်ရှင်မြို့တော်စီမံကိန်း”အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာပေးအပ်ထားသည့် လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ရုပ်ရှင်မြို့တော်စီမံကိန်းလုပ်ငန်းများအားဆောင်ရွက်ရာတွင် အနုပညာကိုအခြေခံသည့်လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ရန်နှင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ မြဝတီ



# အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မော်လမြိုင် ဇူလိုင် ၂၀

၂၀၂၅ ခုနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ် ၁၀ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မော်လမြိုင်တက္ကသိုလ် အားကစားခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်ဖူဆယ် ဆပ်ကော်မတီဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဖူဆယ်အားကစားနည်းကို လူအများစိတ်ပါဝင်စားလာပြီး အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိလာစေရန်နှင့် မွန်ပြည်နယ်ကိုယ်စားပြု ဖူဆယ်အသင်း အောင်မြင်မှုရရှိစေရန်ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ကြောင်း၊ ဖူဆယ်အားကစားနည်းသည် အသင်းလိုက် ယှဉ်ပြိုင်ရသည့်အတွက် နည်းစနစ်ကြွယ်ဝမှု၊ နည်းဗျူဟာကောင်းမွန်မှု၊ အချင်းချင်း တစ်ဦးနှင့်တစ်ဦးနားလည်မှုတို့ဖြင့် ယှဉ်ပြိုင်ကစားရပြီး အားကစားသမားများအနေဖြင့် ကြံ့ခိုင်မှု၊ လျင်မြန်မှုရှိစေရန် လေ့ကျင့်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဖွင့်ပွဲစဉ်အဖြစ် ကျိုက်မရောမြို့နယ် ဖူဆယ်အသင်းနှင့် ရေးမြို့နယ် ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖူဆယ်ပြိုင်ပွဲကို ဇူလိုင်လ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

**❒ ကျောဖုံးမှအဆက်**

ပြည်သူလူထုတို့၏ လူမှု၊ စီးပွားဘဝများ နိမ့်ကျခဲ့ရသည်။

ထို့ပြင် အကြမ်းဖက်သမားများအနေဖြင့် နောင်ချို-ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး လမ်းကြောင်းအားထိန်းချုပ်၍ ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ရပ်တန့်အောင် လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခဲ့မှုကြောင့် နောင်ချိုမြို့၏ အနောက်မြောက်ဘက် ၇ မိုင်ခန့်အကွာရှိ လောင်ဖန်းကျေးရွာအနီးရှိ Crown ဘိလပ်မြေစက်ရုံမှ နေ့စဉ်ထုတ်လုပ်နေလျက်ရှိသော ဘိလပ်မြေများကို မန္တလေးလျှင်ကြီးကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်စဉ်က လိုအပ်လျက်ရှိသောနေရာများသို့ လွယ်ကူလျင်မြန်စွာ ပေးပို့နိုင်ခြင်းမရှိသဖြင့် ပြည်သူလူထုအနေဖြင့် ဘိလပ်မြေများကို ဈေးနှုန်းမြင့်မားစွာ ဝယ်ယူသုံးစွဲနေရကြောင်း သိရှိရသည်။

ယခုအခါ တပ်မတော်အနေဖြင့်တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့နယ်တို့ကို ထိန်းချုပ်နိုင်ခဲ့ပြီး နောင်ချို-ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေး လမ်းကြောင်းကြီးကို ပြန်လည်ဖွင့်လှစ်ပေးနိုင်သောကြောင့် ကုန်စည်စီးဆင်းမှုများ လွယ်ကူစွာစီးဆင်းနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဒေသခံပြည်သူလူထုအနေဖြင့်လည်း ၎င်းတို့၏ နေရပ်ဒေသသို့ စိတ်အေးချမ်းသာစွာ ပြန်လည်ဝင်ရောက်လာကြပြီး နေ့စဉ်လူမှုစီးပွားဘဝကို အေးချမ်းစွာပြန်လည်ဖော်ဆောင် လုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။

တပ်မတော်အနေဖြင့် အဆိုပါလမ်းကြောင်းကြီးအား ပြန်လည်ဖွင့်လှစ်ပေးနိုင်သောကြောင့် ယနေ့တွင်လည်း Crown ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေများ တင်ဆောင်လာသော မော်တော်ယာဉ် ၅၉ စီးသည် ၁ စီးလျှင် ၃၃ တန်ဖြင့် စုစုပေါင်း ၁၉၄၇ တန် (စုစုပေါင်း ဘိလပ်မြေ ၃၆၅၈၀ အိတ်) တို့ကို မန္တလေးမြို့နယ်သို့ သွားရောက်ပို့ဆောင်ပေးနေပြီဖြစ်ပြီး ယင်းသို့ ဘိလပ်မြေများ ပြန်လည်ပို့ဆောင်ပေးနိုင်မှုကြောင့် မန္တလေးလျှင်ကြီးလှုပ်ခတ်ရာတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော လူနေအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စေတီ၊ ပုထိုးများတည်ဆောက်မှုနှင့်အခြားတည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သော ဘိလပ်မြေများကို ပြည်သူလူထုအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားအောင် အဘက်ဘက်မှ ကူညီလုပ်ဆောင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထု စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုအန္တရာယ်မှကင်းဝေးအောင် လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)





နောင်ချို-ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေးလမ်းကြောင်းကြီး ပြန်လည်ဖွင့်လှစ်နိုင်သဖြင့် ဒေသတွင်းတည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုမည့်ဘိလပ်မြေများကို မော်တော်ယာဉ်များဖြင့် ပို့ဆောင်စဉ်။

# လူငယ်နှင့်ပညာ

သားကျော်

“ပညာရဲရင့် ပွဲလယ်တင့်”

“ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး”

“ပညာပြည့်ဝ နှလုံးလှသော်၊ ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏”

“ပညာဆိုတာ ရတဲ့နေရာမှာယူ လိုတဲ့နေရာမှာသုံး”

အခုတလော ပညာနှင့်ပတ်သက်သည့် အဆိုအမိန့်များ၊ ရှေးလင်္ကာများနှင့် လူကြီး၊ မိဘ၊ ဆရာသမားတို့၏အဆုံးအမများကို မကြာခဏ ပြန်လည်ကြားယောင်နေမိသည်။ ကြားယောင်မိသည့်အကြောင်းရင်းများလည်းရှိနေပါ၏။ အကြောင်းရင်းများကိုစေ့စေ့တွေးရင်း နောက်က ပူးတွဲလိုက်လာသည်က ပညာ၏အရေးပါမှုနှင့်တန်ဖိုးကြီးမားမှုတို့ပင်ဖြစ်ပါ၏။ လောကကြီးအတွင်း နိစ္စဓူဝ ပညာဖြင့်မောင်းနှင်လည်ပတ်နေရမှုတွင် ကိုယ်လေ့လာဆည်းပူးထားသည့်ပညာသည်ကား စကြဝဠာကြီးနှင့်နှိုင်းဆသော် မြူမှုန်တစ်မှုန်မျှစာရှိသည်ကို ခပ်ရေးရေးလေးမြင်လိုက်ရ၏။

ဖနီးသည်ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးခန်းသွားလာရလွယ်ကူစေရန် စာမူခဆုကြေးငွေလေးများတွင် ဖနီး၏လက်ဝတ်လက်စားလေးများဖြည့်စွက်လျက် ကားလေးတစ်စီးဝယ်ထားလိုက်မိ၏။ ထိုကားသည် မိုးကာလရောက်တိုင်း လူတွေဖြစ်လေ့ရှိသည့် ဝမ်းပျက်ဝမ်းလျှောနည်းတူ ကားပျက်ကားလျှောသဘော နှစ်စဉ်ဖြစ်၏။ ဖြစ်တိုင်းငွေစများပူးတွဲလိုက်ပါဖြေရှင်းသဖြင့် မီးဖိုချောင်ကိစ္စအတွက်ပါ သက်ရောက်မှုရှိလာ၏။ ကားပျက်၍ ကားဝပ်ရှော့ပို့ရတိုင်း ကိုယ်နားမလည် မတတ်ကျွမ်းသော ဝပ်ရှော့ပညာရပ်များကို မျက်ဝါးထင်ထင်မြင်ရ၏။ ကျွန်တော့် သုံးပတ်နွမ်းကားလေးကို မိတ်ဆွေကားပြင်ဆရာက တတ်စွမ်းသမျှကြည့်ရှုပေး၏။ သူမနိုင်မှသာလျှင် သင့်လျော်ရာဝပ်ရှော့ဆီလွှဲ၏။ သူပြင်ပေးသည့်အခါတိုင်း ခြောက်တန်းအရွယ်သူ့သားငယ်လေးက ၁၀၊ ၁၂၊ ၁၄ ဂွများယူခိုင်းလျှင်ယူပေးခြင်း၊ ဖခင်ဖြစ်သူက “ဘာလိုသည်၊ ညာလိုသည်”ဟု ဆိုလိုက်သည်နှင့် လိုအပ်သည်များကို ကူလုပ်ပေးခြင်းများဖြင့် ဖခင်ကိုကူညီသည်။ ထိုအခိုက် ကျွန်တော့်အတွေးထဲချက်ချင်းရောက်လာသည်က“တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး”ဟူသော အတွေးပင်ဖြစ်၏။

ဤကားနှင့်ပတ်သက်သည့်အခြေခံပညာသည် လူတိုင်းသင်ယူတတ်မြောက်ဖို့မလွယ်။ ကျောင်းပိတ်ချိန် ဖခင်အနီးတွင် တိုလီမိုလီဝင်ရောက်လုပ်ကိုင်ပေးရင်း နှစ်ကြာလာသည့်အခါ ကားနှင့်ပတ်သက်သည့်ဝေါဟာရများယဉ်ပါးလာသည်။ သူတို့သားအဖ ကားပြင်ပေးသည်ကို ကြည့်ရင်းစိတ်ပါဝင်စားစွာ ဖခင်ကိုကူညီလျှင် ငွေမကုန်ဘဲ အခမဲ့သင်ရသော ထမင်းစားပညာများရရှိသည်ဟူသောအတွေးနှင့် ကားတစ်ခါပျက်တိုင်း သွားပြင်ရသောဒုက္ခကြောင့် ကားဝပ်ရှော့ပညာကို စိတ်ဝင်စားမှုဖြစ်ပေါ်လာရသည်။ ဤကား ကျွန်တော့်အတွေး၊ ငယ်သူများဘက်ကြည့်ပြန်တော့ ဤသို့ ဖခင်ကိုကူညီရခြင်းကြောင့် ကိုယ်ပိုင်ချိန်တွင် အနားမရ၊ အခြားသူငယ်ချင်းများနည်းတူ သွားမကစားရ၊ လူငယ်ဘက်မှအတွေး၊ လူငယ်တိုင်း မိဘလက်ငုတ်လက်ရင်း ထမင်းစားပညာကို စိတ်ပါဝင်စားမှုအာရုံနည်းတတ်ကြသည်မှာ ဖြစ်လေ့ရှိသည့်အရာပင်ဖြစ်သည်။ အချိန်တန်လူလားမြောက် လုပ်ငန်းခွင်အတွင်း အတွေ့အကြုံအချို့ရလာမှ ပညာ၏အရေးပါမှုကို လက်သင့်ခံတတ်လာကြသည်။

ကားပြင်ဆရာသည် တက္ကသိုလ်မှ ဘွဲ့မရခဲ့။ သို့သော် သူ၏ပညာရပ်ဖြင့် သားသမီးများကို ပညာတည်းဟူသော အမွေကောင်းများပေးထားနိုင်ခဲ့ကြောင်း ကျွန်တော်ကြားသိခဲ့ရသည်။ ကျွန်တော့်ကိုမွေးသောရွာတွင် ဦးစိန်ဝင်းဆိုသော အဖေ့မိတ်ဆွေရှိ၏။ သူသည်လည်း ဘွဲ့မရခဲ့။ သို့သော် ရွာတွင်ရေစက်၊ မီးစက်များပျက်ပါက သူနိုင်နင်းစွာပြုပြင်သည်။ ဗီဒီယိုရုံပင်ထောင်ထားလိုက်သေးသည်။ တော်ရုံစက်ပျက်တာလောက်ကတော့ ဦးစိန်ဝင်းနှင့်ပြီးသည်။ သူ့သားသမီးတွေကိုလည်း ဘွဲ့တွေရအောင် ကြိုးစားပေးခဲ့သည်။ သို့သော် သူ၏ပညာရပ်များအား သားသမီးများက လက်ဆင့်ကမ်းမယူနိုင်ခဲ့ပါ။

ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးခန်းများရောက်စဉ် ကုသရသော ရောဂါအတိမ်အနက်ပေါ်မူတည်၍ ဆရာဝန်များက ကုသမှုပေးကြသည်။ ထိုအခါ ဆေးပညာရပ်ကိုအသုံးချနေသော ဆရာဝန်များကိုကြည့်လျက် ပညာ၏အစွမ်းကို ထပ်မံအတွေးပွားမိပြန်သည်။ ကိုယ်မသိနားမလည်သောနယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာကုသမှုပေးနေကြသော ဆရာဝန်များကြောင့် လူနာများသက်သာပျောက်ကင်းကြသည်။ ဤသည်လည်း သူတို့ပညာရပ်ဖြစ်ပါ၏။ ဆရာဝန်သည်လည်း သူ့ပညာနှင့်သူဖြစ်သလို လယ်ထဲယာထဲမှ တောင်သူလယ်သမားကြီးများသည်လည်း သူတို့အတတ်ပညာနှင့်သူတို့ဖြစ်ကြပါ၏။ နွေမိုးဆောင်းဥတုသုံးလီစလုံး ဘယ်အချိန်တွင် ဘာစိုက်ရမည်၊ မိုးမကျမီ လယ်စိုက်ရန် ဘာတွေပြင်ဆင်ရမည်၊ သီးနှံအထွက်ကောင်းရန် မည်သို့ဆောင်ရွက်ရမည် စသောအသိပညာများသည် လက်တွေ့လုပ်ငန်းခွင်မှ စုဆောင်းမိခဲ့သော ပညာရပ်များပင်ဖြစ်ပါ၏။

ယနေ့ ကမ္ဘာကျော်ဘောလုံးသမား ခရစ္စတီယာနို ရော်နယ်ဒိုသည် ဆေးပညာမတတ်၊ ကားပညာမသိ၊ လယ်ယာမစိုက်၊ ရှေ့နေမလိုက်တတ်သော်လည်း သူ့ပညာဖြင့် ကမ္ဘာကျော်လျက်ရှိပါ၏။ ကြည့်ရှုသူဘောလုံးပရိသတ်များ ဟင်ခနဲ ဟာခနဲ ရင်သပ်ရှုမောဖွယ် ဘောလုံးစွမ်းရည်များ၊ လှပသောဂိုးကန်သွင်းချက်များ စသည်တို့သည် သူအနှစ်နှစ်အလလ လေ့လာသင်ယူခဲ့သော ဘောလုံးပညာ၏ အသီးအပွင့်များပင်ဖြစ်ပေသည်။ ကောက်ကာငင်ကာဖြင့် အောင်မြင်ကျော်ကြားခဲ့ခြင်းမဟုတ်။ ယခု သူ၏သားတို့အား ဘောလုံးပညာအမွေပေးနေသည်။ စာရေးသူတို့လုပ်ငန်းခွင်တွင် ဝန်ထမ်းလေး မောင်သုတဆိုသူရှိသည်။ သူသည် ဆယ်တန်းပင် မအောင်၊ သို့သော် ဝန်ထမ်းအိမ်ရာတစ်ခုလုံး၏ ရေ၊ မီး၊ မိလ္လာစနစ်များနှင့်ပတ်သက်၍ ဘာပျက်လျှင် ဘယ်ကဖြစ်သည်၊ ဘယ်လိုပြင်ရမည်ဟူသော အတတ်ပညာရှိ၏။ သူ၏အသက်မွေးမှုသည် ထိုအရာဖြစ်သည့်အတွက် ထိုလုပ်ငန်းခွင်တွင် သူလေ့လာ၍ မဆုံးသောပညာများရှိနေသည်။ ထို့ကြောင့် အခြားသောနယ်ပယ်မှ ဘွဲ့ရထားသူများအနေဖြင့် ရှစ်တန်းအောင် ကိုသုတကို ရေ၊ မီး၊ မိလ္လာကိစ္စအတွက် အားကိုးနေရသည်။

စာရေးသူတို့ပတ်ဝန်းကျင်တွင် ပညာများဖြင့်ထုံမွမ်းလျက်ရှိ၏။ ထိုအရာသည် ယနေ့မှသာလျှင်မဟုတ်။ ဖြတ်သန်းခဲ့ပြီးသော ကြေးခေတ်၊ ကျောက်ခေတ်၊ သံခေတ်တို့မှသည် ယနေ့တိုင် သဘာဝတရားအပေါ်တွင် လူတို့ကြံဆမှုဖြင့် ဆင့်ကဲပြောင်းလဲတိုးတက်ခဲ့သည်ကို သမိုင်းက ထင်ရှားစွာဖော်ညွှန်းနေသည်။ အခြေခံအကျဆုံးသော တောင်သူလယ်သမားများ၊ လက်လုပ်လက်စား နေ့စားသမားများ၊ ရေသမား၊ မီးသမား၊ ဝပ်ရှော့ဆရာ၊ ဆံသဆရာ၊ အားကစားသမား၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေတို့မှသည် နှုတ်မှုပညာဖြင့်အကျိုးဆောင်နေကြသော ပွဲစားများအထိ ပညာရပ်အသီးသီးဖြင့်ကျင်လည်နေကြသူများဖြစ်သည်။ “ဆရာမပြ နည်းမကျ” နှင့် “အမေမပြလျှင် ငါးပိတောင်ဖြော်ခွင့်အောင်မဖုတ်တတ်” ဟူသောစကားတို့သည် ပညာလက်ဆင့်ကမ်းယူခြင်းနှင့် စပ်လျဉ်းသည့် သဘောကိုဆောင်နေသည်။ ပညာကို နယ်ပယ်ကန့်သတ်ထားခြင်းရှိသော်လည်း သင်ယူတတ်မြောက်လိုစိတ်ရှိမည်၊ အခြေအနေ အချိန်အခါလည်းပေးမည်ဆို မည်သူမဆို သင်ယူ၍တတ်မြောက်ကြမည်ဖြစ်၏။ အချို့သော ကမ္ဘာကျော်မသန်စွမ်းပုဂ္ဂိုလ်များက အကောင်းဆုံးသက်သေပင်ဖြစ်ပါသည်။

စာရေးသူငယ်စဉ်ကဖြစ်သည်။ စာရေးသူတို့အိမ်က ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးတွင်ရှိသည်။ လမ်းတစ်ဖက်တွင် သကြားစက်ရုံရှိ၏။ စက်ရုံမှ အင်္ဂလိပ်နိုင်ငံသားတစ်ဦးနှင့် ဖခင်ဖြစ်သူကရင်းနှီးသည်။ ထိုအင်္ဂလိပ်နိုင်ငံသားဦးလေးသည်အိမ်သို့လာလည်တတ်၏။ သူလာလည်သည့်နေ့ချိန် စက်ရုံအတွင်းမှ စက်ပစ္စည်းတစ်ခုခု၏ ချွတ်ယွင်းသံထွက်ပေါ်လာလျှင် သွားမကြည့်ပါဘဲ မည်သည့်အစိတ်အပိုင်းက ပျက်ခြင်းဖြစ်ကြောင်းပြောသည်။ သူပြောသည့်အတိုင်းပင် မှန်နေတတ်သည်။ ထို့ပြင် အိမ်ချင်းကပ်လျက် ထမင်းဆိုင်မှ ဆိုင်ပိုင်ရှင်သည်လည်း အဝေးမှကားတစ်စီး၏ စက်သံကိုနားထောင်လိုက်သည်နှင့် သူတို့ဆိုင်တွင်စားနေကျမည်သူ၏ ကားဖြစ်ကြောင်း သုံးသပ်တတ်သည်။ အလုပ်မှသင်ပေးသွားသော အာရုံခံစားမှုအသိပညာတို့ဖြစ်ကြောင်းတွေ့ရှိရသည်။ လူငယ်များ ဂိမ်းအလွန်အမင်းကစားကြသည်။ ဂိမ်းတွင်ပါရှိသည့် အင်္ဂလိပ်စာလုံးများကို သူတို့နားလည်ကြသည်။ သို့သော် ကျောင်းစာတွင်သင်ပေးသည့် အင်္ဂလိပ်စာနှင့် အသုံးအနှုန်းများကိုမူ ကြိမ်ဖန်များစွာသင်ပေးရသည်။ စိတ်ပါဝင်စားမှုနှင့်ဆက်စပ်ပါ၏။


ရှေးလူကြီးသူမများ ချန်ထားခဲ့သည့် “ငယ်စဉ်အခါ ပညာရှာ” ဟူသော ဆုံးမစကားသည် အလွန်မှန်ပေသည်။ ဆရာဝန်၏သားသမီးများ မိဘအမွေဆက်ခံကြသည်။ ရှေ့နေ၏သားသမီးများသည်လည်း မိဘအမွေဆက်ခံကြသည်။ မိဘများထက် ပို၍ထူးချွန် ပို၍တော်သူများဖြစ်လာကြပါ၏။ လယ်ထဲယာထဲမှ တောင်သူလယ်သမားများ၏ သားသမီးများသည်လည်း မိဘတို့၏ ရှေးကျသောစိုက်ပျိုးနည်းအတတ်ပညာပေါ်တွင် ခေတ်မီသိပ္ပံပညာတို့ပေါင်းစပ်လျက် စိုက်ပျိုးရေးကို အဆင့်မြှင့်တင်နိုင်သော မျိုးဆက်သစ်စိုက်ပျိုးရေးပညာရှင်များအဖြစ် ရပ်တည်နိုင်ခွင့်ရှိပါ၏။ ကားပြင်ဆရာ၏သားသည်လည်း ခေတ်မီအတတ်ပညာများကို သင်ယူတတ်မြောက်လျက် ဖခင်ထက်သာသော ပညာရှင်ဖြစ်နိုင်ပါ၏။ ရေသမား၊ မီးသမားတို့၏ သားသည်လည်း အင်ဂျင်နီယာပညာရှင်များဖြစ်နိုင်ပါ၏။ ထို့ကြောင့်ပင် **“နိမ့်ကျသူ၏သားပင်ဖြစ်လင့်ကစား မင်းအမတ်ဖြစ်နိုင်၏။ သူမိုက်၏သားပင်ဖြစ်လင့်ကစား ပညာရှိဖြစ်နိုင်၏။ ဥစ္စာမရှိသူ၏သားပင်ဖြစ်လင့်ကစား ကြွယ်ဝချမ်းသာနိုင်၏”** ဟု လောကနီတိတွင် ဆိုခဲ့ခြင်းဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် “လက်တစ်ကမ်း ဟင်းချို” ဟူသောအမည်ကို အချို့ကြားဖူးကြပါလိမ့်မည်။ ဟင်းရည်သောက်တစ်ခွက်အတွက် အနီးအနားရှိ သီးပင်စားပင်များမှအရွက်တို့ကိုခူး၍ ဟင်းချိုအဖြစ်ချက်ခြင်းဖြစ်သည်။ မည်သည့်ဟင်းမျှမရှိသည့်တိုင်အောင် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် လက်တစ်ကမ်းဟင်းချိုတစ်ခွက်စာအတွက် အသီးအရွက်တို့ရှိနေတတ်သည်။ ယူငင်အသုံးချတတ်ဖို့သာလိုပါသည်။ ထိုနည်းတူစွာ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် သုံးမကုန်နိုင်သော ပညာရပ်ပေါင်းများစွာရှိနေကြသည်။ ထိုပညာများအား မှန်ကန်သောအသိ၊ မှန်ကန်သောသတိတို့ဖြင့် ပေါင်းစပ်သုံးစွဲကြရပေမည်။ ပညာများပြည့်ဝပါလျက် နှလုံးသားမလှခဲ့သော် တတ်ထားသောပညာရပ်များသည် အကျိုးမဖြစ်ထွန်းနိုင်ပေ။ မိမိသင်ယူခဲ့သောအတတ်ပညာများအား အမှားအမှန်ခွဲခြားနိုင်ခြင်းမရှိသည့် အသိပညာတို့ဖြင့် တလွဲဆံပင်ကောင်းအသုံးချမှုကြောင့် မိမိကိုယ်တိုင်ပင်လျှင်မက မိမိပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံသည်လည်း ထိခိုက်နစ်နာရပေသည်။ ထို့ကြောင့် လူငယ်တိုင်း လူငယ်တိုင်းသည် **“ငယ်စဉ်အခါ ပညာရှာ”၊ “ပညာလို အိုသည်မရှိ”** ဟူသော အဆုံးအမစကားများအတိုင်း လေ့လာသင်ယူစရာ အခွင့်အလမ်းကောင်းများပေါ်များနေသည့် ယနေ့အချိန်အခါတွင် မြတ်ဗုဒ္ဓဟောကြားသော မင်္ဂလာတရားတော်များနှင့်အညီ ပညာကိုကြိုးစားရှာဖွေသင့်ပေသည်။ သင်ယူတတ်မြောက်ထားသော ပညာရပ်များဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုး မှန်ကန်စွာသယ်ပိုးနိုင်သော မျိုးဆက်သစ်များပေါ်ထွန်းစေလိုသည်မှာ စာရေးသူ၏ မှန်ကန်သော ဆန္ဒမွန်ပင်ဖြစ်ပါသည်။ ။

**⇨ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် သုံးမကုန်နိုင်သော ပညာရပ်ပေါင်းများစွာရှိနေကြသည်။ ထိုပညာများအား မှန်ကန်သောအသိ၊ မှန်ကန်သောသတိတို့ဖြင့် ပေါင်းစပ်သုံးစွဲကြရပေမည်။ ပညာများပြည့်ဝပါလျက် နှလုံးသားမလှခဲ့သော် တတ်ထားသောပညာရပ်များသည် အကျိုးမဖြစ်ထွန်းနိုင်ပေ။ မိမိသင်ယူခဲ့သော အတတ်ပညာများအား အမှားအမှန်ခွဲခြားနိုင်ခြင်းမရှိသည့် အသိပညာတို့ဖြင့် တလွဲဆံပင်ကောင်းအသုံးချမှုကြောင့် မိမိကိုယ်တိုင်ပင်လျှင်မက မိမိပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံသည်လည်း ထိခိုက်နစ်နာရပေသည်။**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

**စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း**



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ဆေကဝတီဗုဒ္ဓတက္ကသိုလ် ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



ရန်ကုန် ဇူလိုင် ၂၀

ဆေကဝတီဗုဒ္ဓတက္ကသိုလ် ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ဗဟိုလမ်းရှိ ဆေကဝတီဗုဒ္ဓတက္ကသိုလ်တွင်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆေကဝတီဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများ၊ ဆေကဝတီဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အမှူးပြုသော သင်ကြားစီမံဆရာတော်များ ကြွရောက်တော်မူကြပြီး ဘွဲ့ခံဆရာလေးများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာနမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယဩဝါဒကထာကို နာယူကြသည်။

ထို့နောက် ဆေကဝတီ ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝိနယာလင်္ကာရ၏ သမ္မောဒနီယ ဩဝါဒကထာကိုနာယူကြပြီး ဆေကဝတီဗုဒ္ဓတက္ကသိုလ်တည်ထောင်သူနှင့် ဒုတိယ ပါမောက္ခချုပ်(စီမံ) ဆရာကြီး ဒေါက်တာ ဒေါ်ဆေကဝတီက ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ယင်းနောက် အလှူရှင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆေကဝတီဗုဒ္ဓတက္ကသိုလ်သို့ အလှူငွေကျပ်သိန်းတစ်ရာကို ပေးအပ်လှူဒါန်းသည်။

ထို့နောက်ဆေကဝတီ ဗုဒ္ဓတက္ကသိုလ် မော်ကွန်းထိန်းဆရာတော်က ပါမောက္ခချုပ်ဆရာတော်ထံတွင် ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ဆက်လက်၍ဆေကဝတီဗုဒ္ဓတက္ကသိုလ် မော်ကွန်းထိန်းဆရာတော်က M.A (Buddhist Studies) ဘွဲ့ခံယူမည့် သီလရှင်ဆရာလေးတစ်ပါးချင်း၏ ဘွဲ့တော်ကို ကြေညာ၍ ဆေကဝတီဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ဘုရားကြီးထံတွင်ဘွဲ့ခံယူစေခြင်း၊ ဆေကဝတီ ဗုဒ္ဓတက္ကသိုလ် မော်ကွန်းထိန်းဆရာတော်က B.A (Buddhist Studies) ဘွဲ့ခံယူမည့် သီလရှင်ဆရာလေး တစ်ပါးချင်း၏ ဘွဲ့တော်ကိုကြေညာ၍ ပါမောက္ခချုပ် ဆရာတော်ထံတွင် ဘွဲ့ခံယူစေခြင်းများဆောင်ရွက်ကြသည်။

ယင်းနောက်ဆေကဝတီဗုဒ္ဓတက္ကသိုလ် မော်ကွန်းထိန်းဆရာတော်က Diploma တန်းအောင်သီလရှင်ဆရာလေးတစ်ပါးချင်း၏ဘွဲ့တော်ကိုကြေညာ၍ တက္ကသိုလ် တည်ထောင်သူနှင့် ဒုတိယ ပါမောက္ခချုပ် (စီမံ) ဆရာကြီး ဒေါက်တာ ဒေါ်ဆေကဝတီ ထံတွင် ဘွဲ့ခံယူစေကြသည်။

ယင်းနောက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အခမ်းအနားအပြီးတွင် ဘွဲ့ခံဆရာလေး ၃၇ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**နေကိုထိုက်**

## ကရင်ပြည်နယ် တရားလွှတ်တော်အဆောက်အအုံ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကျင်းပ

ဘားအံ ဇူလိုင် ၂၀

ကရင်ပြည်နယ် တရားလွှတ်တော် (၁၃၄ ပေ x ၁၄၁ ပေ) RC သုံးထပ်အဆောက်အအုံ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဘားအံမြို့ အမှတ်(၁) ရပ်ကွက် ဆေးရုံလမ်း မြန်မာ့စီးပွားရေးဘဏ်ရှေ့ရှိအဆိုပါအဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

အဆိုပါအဆောက်အအုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၃)မှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။

ပန္နက်တော်တင်မင်္ဂလာအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ရတနာပန္နက်တော်များကိုစိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာသော ကရင်၊ မွန်၊ ပအိုဝ့်တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနှင့် ဘင်ခရာပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အဆောက်အအုံဆောက်လုပ်မည့် ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## နောင်ချိုမြို့ ဗုဒ္ဓသာသနာ့ရောင်ခြည်ဗိမာန်တော်တွင် တပ်မတော်ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေး

နောင်ချို ဇူလိုင် ၂၀

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများ အလိုက်အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို ဇူလိုင်လ ၁၆ ရက်တွင် တပ်မတော်မှ အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ ဒေသခံတိုင်းရင်းသားပြည်သူများသည် ဝမ်းမြောက်အားပေး ထောက်ခံကြိုဆိုလျက်ရှိသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ယမန်နေ့က နောင်ချိုမြို့သို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများ လိုအပ်သည့်ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။



ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နောင်ချိုမြို့ သာသနာနှစ်ထောင့်ငါးရာစေတီတော်သို့သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းကာ စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နောင်ချိုမြို့ မြို့ဦးကျောင်းတိုက်သို့သွားရောက်၍ နောင်ချိုမြို့ပေါ်ရှိ ဆရာတော်ကြီး ၁၀ ပါးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး နောင်ချိုပညာရေးမှူးရုံးကို သွားရောက်စစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ချိုမြို့ ဗုဒ္ဓသာသနာ့ရောင်ခြည်ဗိမာန်တော်တွင် တပ်မတော်ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကိုကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နောင်ချိုမြို့ မြို့တော်ခန်းမ သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် နောင်ချိုရဲစခန်းတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၇-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောင်းဆုံ | ၇ | ဒသမ | ၀၅ | လက်မ |
| ရေး | ၆ | ဒသမ | ၃၃ | လက်မ |
| မုဒုံ | ၄ | ဒသမ | ၄၉ | လက်မ |
| ကျိုက်မရော | ၄ | ဒသမ | ၃၃ | လက်မ |
| မော်လမြိုင် | ၃ | ဒသမ | ၁၉ | လက်မ |
| ထားဝယ် | ၃ | ဒသမ | ၁၅ | လက်မ |
| မြိတ် | ၂ | ဒသမ | ၉၅ | လက်မ |
| ကျိုက္ခမီ | ၂ | ဒသမ | ၈၈ | လက်မ |
| ဘီးလင်း | ၂ | ဒသမ | ၈၀ | လက်မ |
| မအူပင် | ၂ | ဒသမ | ၃၆ | လက်မ |

# လမ်းဘေးဝဲယာ၌ သန့်ရှင်းသာယာပြီး လမ်းအင်္ဂါရပ်များနှင့် ပြည့်စုံရေးဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေး၊ ရေထွက်ပေါက်များမှ ရေများအလွယ်တကူစီးဆင်းသွားနိုင်ရေး စနစ်တကျတွက်ချက်၍ တည်ဆောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

★ ရှေ့ဖုံးမှအဆက်

ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လမ်းဘေးဝဲယာ၌ သန့်ရှင်းသာယာပြီး လမ်းအင်္ဂါရပ်များနှင့် ပြည့်စုံရေးဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများပိတ်ဆို့မှုမရှိစေရေး၊ ရေထွက်ပေါက်များမှ ရေများအလွယ်တကူစီးဆင်းသွားနိုင်ရေး စနစ်တကျတွက်ချက်၍ တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်တုန်းလမ်းတစ်လျှောက်နှင့် ရွှေပြည်သာမြို့နယ်၊ အမှတ် ၄ လမ်းတစ်လျှောက် ရေနုတ်မြောင်းများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ မော်တော်ကားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ (ပြင်ဦးလွင်) သို့ ရောက်ရှိပြီး အထက်မြန်မာပြည်ရှိ MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်များ အရည်အသွေး ပြည့်မီစွာထုတ်လုပ်ရေး၊ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်များ၊ စွန့်ပစ်ရေများ စမ်းသပ်စစ်ဆေးနေမှု၊ ပြင်ဦးလွင်ခရိုင်ရှိ MSME များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြင်ဦးလွင်ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး ဖွင့်လှစ်၍ လုပ်ငန်းများလည်းပတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက MSME များမှ ထုတ်လုပ်သော စားသောက်ကုန်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးနိုင်ရေးအတွက် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကို အဆင့်မြှင့်တင်နိုင်ရန် ခေတ်ခွဲခန်းဆိုင်ရာသင်တန်းများတက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ MSME များ၏ လိုအပ်ချက်ကို သိရှိအောင် ဆောင်ရွက်ပြီး ထိရောက်သည့် ကူညီပံ့ပိုးဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ ဆပ်ပြာစက်ရုံ (မန္တလေး)နှင့် မဟာအောင်မြေမြို့နယ်ရှိ မဟာအောင်မြေခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတို့၌ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ ပြင်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ ပြန်လည်ပြင်ဆင်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ၂၀၂၅ ခုနှစ်နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍မှာကြားသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးစက်မှုဇုန်အတွင်းရှိ လှိုင်းကာလာသွပ်ပြားလိုင်းဖော်လုပ်ငန်း၊ တော်ဝင်သွပ်ပြားလိုင်းဖော်လုပ်ငန်း၊ Top One One သွပ်လိုင်းဖော်လုပ်ငန်းတို့ကိုသွားရောက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း)၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၊ မြစ်သားမြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံ(မြစ်သား) တို့ကိုရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများအား စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# တောင်တွင်းကြီးမြို့နယ်၌ Kubota (၆)တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

တောင်တွင်းကြီး ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်အတွင်း ဒေသခံတောင်သူများအနေဖြင့် Kubota (၆) တန်းသွားကောက်စိုက်စက်ကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားရှားပါးမှုအခက်အခဲကို ဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ကေများကို စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်းစသည့် ကောင်းကျိုးများစွာ ရရှိစေရန်ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း Kubota (၆)တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ၊ ကွင်းအမှတ် (၂၆၀၀) ဦးပိုင်အမှတ်(၁)ရှိ ဒေသခံတောင်သူ ဦးသန်းလွင်၏ လယ်မြေ (၂)ဧကအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးမှူး ဦးတိုးမြင့်ပိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၅၀ ခန့် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(ဗိုသန်းမြေ)**

# ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၃၂၇ တွင် တည်ရှိသည့်ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်ကတည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိဗိသုကာအသွင်အပြင်များပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများအပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး (Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့် နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့်အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့်ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ၀၉-၇၉၈၃၇၄၇၀၉၊ ၀၁၇-၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၀၉-၇၆၅၂၆၂၆၇၉

# နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် အမြန်ဆုံးပြန်လည်ထူထောင်လာရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇူလိုင် ၂၀

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ပေါ်ရှိ ဝန်ကြီးဌာနပိုင် အဆောက်အအုံနှင့်မြေနေရာများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံပိုင်အဆောက်အအုံနှင့် ပစ္စည်းများအား လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး စနစ်တကျထိန်းသိမ်းထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဟိုတယ်စစ်ကိုင်း၌ စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွား တိုးတက်ဝင်ရောက်လာရေးအတွက်သာမက ပြည်တွင်းခရီးသွား တိုးတက်ရေးကိုပါ တစ်ပြိုင်နက်တည်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် အမြန်ဆုံးပြန်လည်ထူထောင်လာရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းများလည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြန်လည် မွမ်းမံပြင်ဆင်လျက်ရှိသည့် စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရန်မှာကြားကာ စစ်ကိုင်းမြို့ပေါ်ရှိခရီးသွားဆွဲဆောင်ရာနေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ




နေပြည်တော် ဇူလိုင် ၂၀

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က ရတနာတန်းဝင်ကျွန်းပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ကျွန်းပင် ၈၅၀၊ မန်ကျည်းပင် ၁၅၀၊ စိန်ပန်းပင် ၂၅၀ ၊ ဆိုက်ပရက်ပင် ၂၀၀ ၊ မဟော်ဂနီပင် ၅၀ စုစုပေါင်းပျိုးပင် ၁၅၀၀ ကို စိုက်ပျိုးရမည့် သတ်မှတ်နေရာများအလိုက် စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် တက္ကသိုလ်ရှိသင်တန်းသား၊ သင်တန်းသူများ စားသောက်ရေးအတွက် သင်တန်းရိက္ခာဆန်နှင့်ဆီ သိုလှောင်ထားရှိမှု၊ သင်တန်းဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တက္ကသိုလ်မှသင်တန်းရိက္ခာအတွက် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုနှင့် သင်တန်းအိပ်ဆောင်များအလိုက် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ

# မြစ်သားမြို့နယ်တွင် မိုးကြိုဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မြစ်သား ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးကြိုဝါစိုက်ပျိုးခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသင်းသားတောင်သူတစ်ဦးချင်းဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင်ငွေနှင့် မြို့နယ်သမဝါယမအသင်းစုပိုင်ငွေတို့ဖြင့် စိုက်ပျိုးထားသည့် မြိုင်ကုန်းကျေးရွာရှိ မြိုင်ကုန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကျော်ခိုင်ဦး၊ အသင်းသားတောင်သူ ဦးထွန်းငွေနှင့် အသင်းသားတောင်သူ ဦးရွှေမန်းတို့ စိုက်ပျိုးထားသည့် Rakka – 999 ခါးဇက်မျိုး မိုးကြိုဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး ဝါကောက်ယူနေမှုများကို ယမန်နေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးသည် မြိုင်ကုန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းက အသင်းသားတောင်သူ ဦးကျော်ခိုင်ဦး၏ ကွင်းအမှတ် (၅၃၄/င)၊ ဦးပိုင်အမှတ် (၂၈/၁)ရှိစိုက်ဧက ၃ ဧက၊ အသင်းသားတောင်သူ ဦးထွန်းငွေ၏ ကွင်းအမှတ် (၅၃၄/င)၊ ဦးပိုင်အမှတ် (၁၃)ရှိ စိုက်ဧက ၄ ဧကနှင့် အသင်းသားတောင်သူ ဦးရွှေမန်း၏ ကွင်းအမှတ် (၅၃၄/င)၊ ဦးပိုင်အမှတ် (၂၃/၁)ရှိ စိုက်ဧက ၁၅ ဧကတို့တွင် Rakka-999 ခါးဇက်မျိုး မိုးကြိုဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး ဝါကောက်ယူနေသည်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မိုးကြိုဝါစိုက်ပျိုးသောတောင်သူဦးကြီးများအား ခေတ်မီစိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လေ့လာကျင့်သုံးစိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စိုက်ပျိုးမြေများကို ပြုပြင်ပြီး မျိုးကောင်း၊မျိုးသန့်များ စိုက်ပျိုးပေးရန်လိုအပ်ကြောင်း ရေရရှိရေးနှင့် နည်းပညာရယူနိုင်ရေးကို သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးကြိုဝါစိုက်ပျိုးသည့်အသင်းသားတောင်သူများက သိရှိလိုသည်များကိုမေးမြန်းခဲ့ရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးကြိုဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဝါကောက်ယူနေမှုများကြည့်ရှုစစ်ဆေးရာသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများနှင့် ဒေသခံအသင်းသားတောင်သူများ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဝါဝါမြင့် (မြစ်သား)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects tasks carried out for better drainage system along Yangon-Pathein road in Hlaingtharyar Township

NAY PYI TAW July 20

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage including SAC Joint Secretary General Ye Win Oo, the Yangon Region chief minister, the commander of Yangon Command and officials, inspected the tasks being carried out for better drainage systems along the Yangon-Pathein raod in Hlaingtharyar Township in Yangon Region this morning.

First, the Senior General and party inspected the upgrading tasks for better drainage systems and construction of pavements on both sides of the Yangon-Pathein Road in Hlaingtharyar Township and gave necessary instruction on cleanliness and meeting the standards of roads and construction of better drainage systems by considering factors related to blocking the drainage and other needs.



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing gives instructions on better drainage systems in Hlaingtharyar Township, Yangon.

Then, the Senior General and party inspected upgrading tasks being carried out for better drainage systems and expansion of roads along Nyaungdone road and No. 4 expressway in Shwepyithar Township by car.

100

# Nawnghkio-Kyaukkyan-Ummakha-Ummathi-PyinOoLwin-Mandalay route reopens, cement transport for construction projects accelerated



Bags of cement being unloaded.

NAY PYI TAW July 20

The Tatmadaw has been conducting counter-terrorism operations across regional command territories to ensure public safety. On July 16, the Tatmadaw successfully regained full control over the Taungkham area and Nawnghkio town, which had been temporarily occupied by terrorist insurgents.

During the insurgents' occupation of the Taungkham area and Nawnghkio Township, local residents were forced to abandon their livelihoods and flee their homes, leading to



Cement-loaded trucks seen entering the Mandalay city.

See Page - 19

■■ From Page - 18

severe socio- economic decline. Additionally, the terrorists blocked the Nawnghkio-Kyaukkyan-Ummakha-Ummathi road, disrupting the flow of goods in the region. As a result, daily cement production from the Crown Cement Factory, located about seven miles northwest of Nawnghkio near Laung Hpan Village, could not be efficiently transported to areas in need—particularly those affected by the Mandalay earthquake. This shortage forced civilians to purchase cement at inflated prices.

With the Tatmadaw's recapture of the Taungkham area and Nawnghkio Township, the Nawnghkio-Kyaukkyan-Ummakha-Ummathi-PyinOoLwin-Mandalay route has been reopened, allowing smooth transportation of goods and accelerating regional development projects. Local residents have now begun returning to their homes in safety and can gradually restore their daily lives and economic activities.

Thanks to the reopening of this critical route, 59 trucks carrying cement from the Crown Cement Factory were able to transport a total of 1,947 tons (36,580 bags of cement) to Mandalay today. Each truck carried 33 tons, ensuring a steady supply for reconstruction efforts. This will allow civilians to purchase cement at more affordable prices for rebuilding homes, roads, bridges, pagodas, and other structures damaged by the Mandalay earthquake.



Cement-loaded trucks seen coming to Mandalay.

The government is actively working to improve the socio-economic conditions of people across the nation. Meanwhile, the Tatmadaw continues to enhance security operations in certain regions and states to protect civilians from the threat of terrorist violence.

**100**

# Kyunhla Township to plant over 10,000 acres of pigeon peas this rainy season

KYUNHLA July 20

More than 11,000 acres of pigeon peas will be planted in Kyunhla Township, Kantbalu District, Sagaing Region in this rainy season, according to the Departmentof Agriculture for Kyunhla Township.

During the 2025-2026 rain crops planting season, Kyunhla Township is planned to plant 11,541 acres of pigeon peas, and the planting will begin from June to September this year.

"This year, we planned to plant more than 11,000 acres of pigeon peas in the rainy season. We will work to meet the target acres. We will also work to improve the yield of pigeon peas. We grow pigeon peas separately and also as a hybrid," said Daw Myint Myint Yi, head of the Departmentof Agriculture for Kyunhla Township.

This year, the Township Department of Agriculture will provide field education to farmers growing pigeon peas in Kyunhla Township on selecting good varieties, proper planting methods, pest prevention, and good yields. **SMK**

# Ngaputaw Township harvests over 1,000 acres of green beans from winter planting season

NGAPUTAW July 20

A total of 1,837 acres of green beans planted in Ngaputaw Township, Pathein District, Ayeyawady Region, have been harvested, said U San Win, head of the Department of Agriculture for Ngaputaw Township.

The green beans that were planted began to be harvested in the second half of March this year and all 1,837 acres of green beans have been harvested. The harvested green beans yield up to 14.44 baskets per acre.

"The Township Department of Agriculture has provided agricultural technologies and other necessary measures to ensure that the green beans to be planted meet the target. We have provided activities to ensure that the green beans to be planted are strong, good yield, and are free from pests and diseases," he said.

In Ngaputaw Township, the Department of Agriculture has carried out field work to provide technologies to ensure that all the crops planted during this year's winter crops planting season, including green beans, are targeted to be planted for good yield, good quality, and are free from pests and diseases. **SK**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Zelensky wants personal meeting with Putin

MOSCOW July 20

Ukraine's Vladimir Zelensky has once again called for a personal meeting with Russian President Vladimir Putin, saying this is the only way to secure a lasting peace. Moscow considers this pointless until the countries' delegations find some common ground.

Putin offered in May to resume direct negotiations – from the point at which Ukraine unilaterally abandoned talks in 2022. However, Zelensky challenged him to come and meet in Istanbul personally. Ukraine eventually agreed to send a delegation amid reported pressure from Washington, and since then the sides have held two rounds of talks, resulting in prisoner exchanges but no breakthrough toward ending the conflict.

The talks stalled in June after Kiev dismissed Moscow's peace proposals. It later declared the process "exhausted" and indicated it had only taken part to avoid appearing dismissive of US President Donald Trump's diplomatic initiative.

On Saturday, Zelensky stated that the "pace of negotiations must be increased," offering to hold a new round of talks next week – and once again demanded a personal meeting with Putin.

"A meeting at the level of leaders is needed to truly ensure a lasting peace," he said, adding: "Ukraine is ready."

Zelensky's presidential term expired last year, but he has cited martial law, which he imposed, as grounds for remaining in office. Russian Foreign Ministry spokeswoman Maria Zakharova recently accused the Ukrainian actor-turned-politician of pushing for a personal meeting with Putin to reaffirm his political legitimacy, claiming he "is insanely afraid of being forgotten, of becoming unnecessary for the West."

Despite Zelensky's dubious legal status, Putin previously said he is open to a potential meeting – but questioned Zelensky's authority to sign binding agreements.

"I am ready to meet with anyone, including Zelensky. That's not the issue," the Russian president stated in June. "The question is different: Who will sign the documents?"

According to Moscow, legal authority in Ukraine now resides with the parliament, not with Zelensky. On Tuesday, Ukrainian lawmakers once again extended martial law and general mobilization for another 90 days, with just a single dissenting vote. **RT**

# 10 killed, 60 injured in road accidents in Pakistan's Sindh



ISLAMABAD July 20

At least 10 people were killed and over 60 others injured in two separate road accidents in Pakistan's southern Sindh province on Sunday, said police officials.

One of the accidents occurred in Thatta district where a bus carrying picnickers overturned due to over-speeding, resulting in six deaths and over 20 injuries, police sources from the district told Xinhua.

Separately, a passenger bus travelling from the southern port city of Karachi to northwest Mansehra district overturned on the National Highway in Khairpur district, killing four people and wounding 40 others, including women and children.

**Xinhua**

# Only one in six Italians ready to fight – survey

ROME July 20

Only 16 percent of Italians are willing to fight for their country in the event of war, according to a survey by the Center for Social Investment Studies (CENSIS) published on Friday.

Almost a third of respondents believe Italy will be drawn into a conflict within the next five years, but fewer than one in six of those of fighting age say they would take up arms, the poll suggests. The figure is 21 percent among men, and 12 percent among women.

The findings come as NATO countries continue to pledge to support Ukraine "for as long as it takes." Since the escalation of the conflict in 2022, European defense budgets have reached record highs. Several countries have reintroduced or are considering conscription. Sweden and Lithuania have reinstated mandatory military service; Germany and Poland are debating similar measures.

The study found that 39 percent of Italians identify as pacifists, while more than a third would either outsource defense to foreign mercenaries or flee. Most said they would prioritize survival; 81 percent would seek bomb shelters, 78 percent would stockpile food, and 27 percent would obtain a weapon for self-defence.

US President Donald Trump has urged NATO members to meet and exceed spending targets and accelerate arms deliveries to Ukraine, calling for "a new era of burden-sharing" among alliance partners.

Italy has pledged to raise its military budget, which reached $35.6 billion in2024, or 1.5 percent of GDP – a 46 percent increase over the past decade. It acknowledged, however, that it has "practically no funds" to contribute to Washington's plan to supply weapons to Ukraine. **RT**

# At least 70 terrorists killed in military operations in Mali: army

BAMAKO July 20

The Malian army announced on Sunday that at least 70 terrorists were killed during operations earlier this week in northern and central Mali.

According to a statement from the army, the first operation took place on July 15 in coordination with air forces from the Alliance of Sahel States, resulting in the elimination of around 40 terrorists in the Anderamboukan area in the north.

The second operation, conducted two days later, led to the destruction of a terrorist logistics and training base in the Niono area in central Mali, and the death of about 30 terrorists, the statement added.

Mali has been facing a multifaceted crisis since 2012, marked by separatist rebellions, jihadist incursions and intercommunal violence that have claimed thousands of lives and displaced hundreds of thousands.

**Xinhua**

# Bedouins-Druze clashes in southern Syria Stop - Interior Ministry

DOHA July 20

Clashes between Druze units and Bedouin tribes have ceased in the city of Suwayda in southern Syria, Syrian Interior Ministry spokesman Nour al-Din al-Baba said.

"Following intensive efforts by the Interior Ministry to implement the ceasefire agreement and deploy its forces in the northern and western areas of Suwayda province, tribal militants have completely left the city of Suwayda, and clashes in urban areas have ceased," the spokesman's statement reads, as quoted by the Syria TV broadcaster.

On Tuesday, the Syrian Defence Ministry said that the army and interior ministry deployed troops to Suwayda to clear the city of illegal armed factions. Later, they began withdrawing heavy military equipment from Suwayda toward Damascus, transferring residential areas under the control of internal security forces.

The Israeli government ordered an immediate military strike against Syrian forces. Israel said it acted out of concern for the Druze community of Syria, citing close ties with the Druze population within Israel and historic connections.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 29 **may** and **might** 1

### Exercises

29.3 **Complete the sentences using** might not have … **or** couldn't have … .

1 A: I was surprised Amy wasn't at the meeting. Perhaps she didn't know about it.
B: Maybe. She might not have known about it.

2 A: I wonder why Tom didn't come to the party. Perhaps he didn't want to come.
B: It's possible. He........................................................ to come.

3 A: I wonder how the fire started. Was it an accident?
B: No, the police say it........................................................an accident. It was deliberate.

4 A: Mike says he needs to see you. He tried to find you yesterday.
B: Well, he........................................................very hard. I was in my office all day.

5 A: The man you spoke to – are you sure he was American?
B: No, I'm not sure. He........................................................

→ **Additional exercises 16–18** (pages 311–13)

## Unit 30 **may** and **might** 2

**A** We use **may** and **might** to talk about possible actions or happenings in the future:

- I haven't decided where to go on holiday. I **may go** to Ireland. (= perhaps I will go there)
- Take an umbrella with you. It **might rain** later. (= perhaps it will rain)
- The bus isn't always on time. We **might have** to wait a few minutes. (= perhaps we will have to wait)

The negative forms are **may not** and **might not (mightn't)**:

- Amy **may not go** out tonight. She isn't feeling well. (= perhaps she will not go out)
- There **might not be** enough time to discuss everything at the meeting. (= perhaps there will not be enough time)

Compare:

- **I'm going** to buy a car. (for sure)
- I **may buy** a car. or I **might buy** a car. (possible)

**B** Usually you can use **may** or **might**. So you can say:

- I **may go** to Ireland. or I **might go** to Ireland.
- Jane **might be** able to help you. or Jane **may be** able to help you.

But we use **might** (not **may**) when the situation is not real:

- If they paid me better, I **might** work harder. (not I may work)

This situation (**If they paid** me better) is not real. They do not pay me well, so I'm not going to work harder.

**C** Compare **may/might be -ing** and **will be -ing**:

- Don't phone at 8.30. **I'll be watching** the football on TV.
- Don't phone at 8.30. I **might be watching** the football on TV. (= perhaps I'll be watching it)

We also use **may/might be -ing** for possible plans. Compare:

- **I'm going** to Ireland soon. (for sure)
- I **might be going** (or **I may be going**) to Ireland soon. (possible)

**Raymond Murphy**

# *Innovation of Defence Technology*

မောင်ယုယ စုစည်းတင်ပြသည်။

## ရေဒါကို ရှောင်ကွင်းနိုင်စွမ်းရှိပြီး စစ်ကစားနိုင်သည့် ပဲ့ထိန်းဒုံးကျည်အသစ်များ ရုရှားအသုံးပြုလာ



ရုရှားနိုင်ငံသည် ရေဒါရှောင်ကွင်းနိုင်စွမ်းရှိပြီး စစ်ကစားနိုင်သည့်ပဲ့ထိန်းဒုံးကျည်အသစ်များကို အသုံးပြုလာခြင်းကြောင့် ယူကရိန်းနိုင်ငံရှိ အမေရိကန်လုပ် Patriot အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ်များမှာ ရုရှားပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားရာ၌ အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း Wall Street Journal က ဖော်ပြသည်။

စစ်ရေးအကူအညီအဖြစ် အမေရိကန်က ယူကရိန်းနိုင်ငံသို့ ပေးအပ်ထားသည့် Patriot ဒုံးကျည်ကာကွယ်ရေးစနစ်များသည် ဒုံးကျည်များအား ကြားဖြတ်တားဆီးခြင်းနှင့်ဟန့်တားခြင်းတို့တွင် အစွမ်းထက်သည့် ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုအဖြစ် ကာလရှည်ကြာရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါပိုမိုအစွမ်းထက်သည့် ရုရှားပဲ့ထိန်းဒုံးကျည်များအား ကြားဖြတ်ဟန့်တားရာတွင် ရုန်းကန်နေရသည့်အခြေအနေတွင်ရှိနေကြောင်း ပြီးခဲ့သည့် Wall Street Journal ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ရုရှားနိုင်ငံက လက်ရှိအသုံးပြုလာသည့် ပဲ့ထိန်းဒုံးကျည်များသည် ရေဒါစနစ်ကို ရှောင်ကွင်းနိုင်ခြင်းကြောင့် ပိုမိုစစ်ကစားနိုင်စွမ်းရှိကြောင်း အမည်မဖော်လိုသူ ယူကရိန်းအရာရှိတစ်ဦးက မီဒီယာတစ်ခုသို့ ပြောကြားသည်။ သို့သော် ရုရှားနိုင်ငံ၏ မည်သည့်ဒုံးကျည်အမျိုးအစားကို ရည်ညွှန်းကြောင်းကိုမူ ရှင်းလင်းစွာပြောကြားခြင်း မရှိပေ။

ထို့ကြောင့် လက်ရှိတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယူကရိန်းတွင် အသုံးပြုနေသည့် အမေရိကန်လုပ် Patriot ဒုံးကျည်ကာကွယ်ရေးစနစ်များ၏နေရာတွင် အစားထိုးအသုံးပြုနိုင်မည့် အဆင့်မြှင့်တင်ထားသော Samp/T ဒုံးကျည်ကာကွယ်ရေးစနစ်သစ်တစ်ခုကို ဖြန့်ကြက်နိုင်ရန် စီစဉ်လျက်ရှိသည်။

Ref: RT

## ဝေဟင်စောင့်ကြည့်ရေးစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် Thales ကုမ္ပဏီမှ GM400a ရေဒါစနစ်နှစ်ခုကို မလေးရှားဝယ်ယူ

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံသည် ၎င်းတို့၏ ဝေဟင်စောင့်ကြည့်ရေးစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် Thales ကုမ္ပဏီမှ GM400a ရေဒါစနစ်နှစ်ခုကို ဝယ်ယူမည်ဖြစ်သည်။

အဆိုပါ ရေဒါစနစ်များဝယ်ယူရေးကို မလေးရှားဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်၏ ပြင်သစ်နိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မလေးရှားနိုင်ငံက အသုံးပြုနေသည့် GM400a ရေဒါစနစ်အရေအတွက်မှာ လေးခုအထိရှိလာမည်ဖြစ်သည်။ GM400a ရေဒါစနစ်သည် အကွာအဝေး ၅၁၅ ကီလိုမီတာအထိ ထောက်လှမ်းစောင့်ကြည့်နိုင်စွမ်းရှိပြီး အခြားလေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများဖြစ်သည့် တိုက်လေယာဉ်များ၊ ဒုံးကျည်များ၊ ရဟတ်ယာဉ်များနှင့်ဒရုန်းများကိုလည်း ရှာဖွေဖော်ထုတ်နိုင်သည်။

လက်နက်ပစ္စည်း ရောင်းဝယ်ရေးသဘောတူညီချက်အရ Thales ကုမ္ပဏီက မလေးရှားနိုင်ငံသို့ လေ့ကျင့်သင်ကြားမှုများနှင့် မလေးရှားရေဒါစနစ်ကျွမ်းကျင်သူများထံ နည်းပညာလွှဲပြောင်းပေးမှုများကိုပါ ပေးအပ်မည်ဖြစ်သည်။

Thales ကုမ္ပဏီသည် မလေးရှားနိုင်ငံသို့ ၎င်းတို့၏ ကာကွယ်ရေးပစ္စည်းများကို ပြီးခဲ့သည့် ဆယ်စုနှစ်လေးခုအတွင်းမှစ၍ ပေးပို့ခဲ့ခြင်းဖြစ်ပြီး မလေးရှားနိုင်ငံသည် ၎င်းကုမ္ပဏီထုတ် GM400a ရေဒါစနစ်ကို ပထမဆုံးဝယ်ယူခဲ့သည့်နိုင်ငံဖြစ်သည်။

Ref: DNA



## ပြည်တွင်းဖြစ် ကာမီကာဇေဒရုန်းအား ထိုင်းတော်ဝင်လေတပ်က အောင်မြင်စွာထုတ်လုပ်



ထိုင်းနိုင်ငံသည် ၎င်းတို့၏ပြည်တွင်း၌ ထုတ်လုပ်ထားသည့် ကာမီကာဇေဒရုန်းတစ်စင်းကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ထိုင်းတော်ဝင်လေတပ်မတော်က ထုတ်ပြန်သည်။

ထိုင်းတော်ဝင်လေတပ်မတော်သည် အဆိုပါဒရုန်းအမျိုးအစားသစ်ကို ယခုလအစောပိုင်းတွင် စမ်းသပ်ပျံသန်းခဲ့ပြီး အဆိုပါပျံသန်းမှုလုပ်ဆောင်စဉ် ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခြင်းကိုပါ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကာမီကာဇေဒရုန်းများသည် လက်ရှိဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခတွင် ကျယ်ပြန့်စွာအသုံးပြုနေသည့် ဒရုန်းများဖြစ်သည်။

ယခုထုတ်လုပ်လိုက်သည့် ကာမီကာဇေဒရုန်းကို ထိုင်းတော်ဝင်လေတပ်မတော်၏ နာဝါမင်ဒါလေကြောင်းအတတ်သင်ကျောင်း၊ လေတပ်၏ လက်နက်ထုတ်လုပ်ရေးဌာနနှင့် လေယာဉ်တည်ဆောက်ထုတ်လုပ်ရေးအင်ဂျင်နီယာပညာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးရုံးတို့က ပူးတွဲထုတ်လုပ်ထားခြင်းဖြစ်သည်။

အဆိုပါ ကာမီကာဇေဒရုန်းသည် ပစ်မှတ်များကို တိကျစွာပစ်ခတ်ချေမှုန်းနိုင်စွမ်းရှိကြောင်း ထိုင်းလေတပ်က ထုတ်ပြန်ထားသော်လည်း မောင်းနှင်ပျံသန်းနိုင်သည့်အကွာအဝေး၊ ပျံသန်းနိုင်သည့်ကြာချိန်စသည့်အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ထားခြင်းမရှိပေ။

အဆိုပါကာမီကာဇေဒရုန်းတွင် ကင်မရာများတပ်ဆင်ထားပြီး မြေပြင်ရှိထိန်းချုပ်မောင်းနှင်သည့် အော်ပရေတာများက ရေဒီယိုဆက်သွယ်မှုများမှတစ်ဆင့် ထိန်းချုပ်မောင်းနှင်နိုင်မည်ဖြစ်သည်။

ထိုင်းလေတပ်မတော်သည် ၂၀၂၄ ခုနှစ်တွင် လေတပ်အဆင့်မြှင့်တင်ရေး စက္ကူဖြူစာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ စာမျက်နှာ ၇၄ မျက်နှာပါ အဆိုပါစက္ကူဖြူစာတမ်း၏ အဓိကရည်ရွယ်ချက်များအနက် တစ်ချက်မှာ ဒရုန်းများကိုတိုးမြှင့်ထုတ်လုပ်၍ လေတပ်အား အဆင့်မြှင့်တင်ရန်ဖြစ်သည်။

Ref: AMR

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

MINISTRY OF HEALTH

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး



**ကလေးများဖျားလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ
ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့
ပူးပေါင်း ထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်၊ မေလ

၁

### သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*)အကိုက်ခံရခြင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

၂

### သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

### သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

၃

### ခြင်ကျားလောက်လမ်းပေါက်ပွားရာနေရာများ

- အမိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

### ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။




၄

### သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ




၅




၆

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းသိကောင်းစရာ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



မိုးရာသီကာလတွင် အဖြစ်များနိုင်သည့်
ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ
အကြောင်းသိကောင်းစရာ

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည်

ဝမ်းရောဂါဖြစ်ပွားစေသော ပိုးများပါရှိသည့်



မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှ တစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

**ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။

## ရောဂါပိုးကူးစက်ပုံ

**ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည်

⇒ ယင်ကောင်မှတစ်ဆင့်လည်းကောင်း
⇒ မသန့်ရှင်းသောလက် စသည်တို့မှလည်းကောင်း
⇒ အစားအစာ၊ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း ၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း)

တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါ ဆက်လက်ကူးစက်စေပါသည်။

## ရောဂါလက္ခဏာများမှာ

- အရည်ဝမ်းများစွာ သွားခြင်း
- ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း
- အော့အန်ခြင်း
- နှလုံးခုန်နှုန်းမြန်ခြင်း
- အရေပြား၏ ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း
- မျက်တွင်းချိုင့်ဝင်ခြင်း
- ခံတွင်း/လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့ခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း

ဝမ်းလျှောရောဂါ ပြင်းထန်သောအခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းသွားသောကြောင့် အရည်ခန်းခြောက်ခြင်းကို ဖြစ်စေသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယ ရှိလျှင် အချိန်မီကုသမှု မခံယူပါက အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာ ကျန်းမာရေးဌာန/ဆေးရုံဆေးခန်းများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှု ခံယူပါ။

## ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများမှာ

- အောက်ပါအခြေအနေများတွင် လက်ကိုစနစ်တကျ စင်ကြယ်စွာဆေးကြောပါ -
  * အစာမစားမီနှင့် အစားအစာ မပြင်ဆင်မီအချိန်တိုင်း
  * အညစ်အကြေးနှင့် အမှိုက်များကိုင်တွယ်ပြီးချိန်တိုင်း
  * အိမ်သာမှ ဆင်းချိန်တိုင်း



- ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။



- တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ကျက်အောင် ချက်ပြီးမှ စားသုံးပါ။



- အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။



- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ပါ။



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရပါက (သို့) အော့အန်နေပါက လျင်မြန်စွာ ရေဓာတ်ပြန်ဖြည့်ရန် ဓာတ်ဆားရည်သောက်ပါ။

**ဆေးရုံ ဆေးခန်းသို့** သွားရောက်ရန် ဆောင်ရွက်စဉ် ဓာတ်ဆားရည်ကိုသောက်ပါ။

### ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ဓာတ်ဆားထုပ်တွင်ပါဝင်သော အသုံးပြုသက်တမ်း ကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးပါက အသုံးမပြုပါနှင့်။
→ ဓာတ်ဆားထုပ် (ORS) ၁ ထုပ်နှင့် ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာကို သန့်ရှင်းသော ဘူး/ခွက်ထဲသို့ ထည့်၍ဖျော်ပါ။
→ ဖျော်ထားသော ဓာတ်ဆားရည်ကို (၂၄)နာရီအတွင်း ကုန်အောင်သောက်ပါ။ (၂၄)နာရီကျော်ပါက မသောက်သုံးသင့်ပါ။
→ ဓာတ်ဆားဖျော်ရာတွင် သကြား၊ ဆားနှင့် အခြားသော အရည်များ ထပ်မထည့်ရပါ။

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

အကယ်၍ ဓာတ်ဆားထုပ်  (ORS) မရှိခဲ့ပါက အောက်ပါ နည်းအတိုင်း မိမိအိမ်မှာပင် ဆားနှင့် သကြား အသုံးပြုပြီး ဖျော်နိုင်ပါသည်။

### အိမ်တွင်း ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာနှင့် လက်ဖက်စားဇွန်းဖြင့်
  ⇒ သကြား (၈)ဇွန်း
  ⇒ ဆား (၁) ဇွန်း ထည့်ပြီး ဖျော်ပါ။

ရောဂါ ပြင်းထန်ပြီး အသက်ဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် ကျန်းမာရေးဌာန / ဆေးရုံဆေးခန်းများတွင် အချိန်မီ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၅ ခုနှစ်၊ မေလ)

# ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ၉ ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၆ ရက်မှ ၈ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၂ ပေခွဲမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေခွဲမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် ၂ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေခွဲမှ ၃ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၄ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၅ ပေမှ ၆ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၄ ပေခန့်၊ ဘောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၅ ပေခန့်၊ ဝေါမြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၅ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

## ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟင်္သာတမြို့၊ ဇလွန်မြို့၊ မဒေါက်မြို့နှင့်ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၅၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၀**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင်လ ၂၁ ရက်မှ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၅၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၅ | ၃၀၇၅ | ၃၀၄၅ | ၂၉၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၁၅ | ၃၀၃၅ | ၄၅၀၅ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၈၅ | ၃၁၁၀ | ၃၃၆၅ |
| 95 Ron | ၃၀၂၀ | ၃၁၃၅ | ၃၁၀၀ | ၃၀၃၅ | ၃၁၄၀ | ၃၁၅၅ | ၃၁၇၀ | ၃၀၉၀ | ၄၅၆၀ | ၃၃၈၅ | ၃၁၀၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၄၅ | ၃၁၆၅ | ၃၄၂၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၇၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၈၄ |
| 95 Ron | ၂၈၄၉ | ၂၉၄၀ |
| HSD (500 ppm) | ၂၅၂၇ | ၂၆၀၇ |
| HSD (50 ppm) | ၃၁၅၂ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၂ | ၃၂၄၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၁၁၃၇၃၊ ၀၉-၂၅၆၆၂၅၄၇၇

၀၆၇-၃၁၁၃၈၂၊ ၀၉-၇၇၅၂၉၃၉၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရီးယဲလ်မက်ဒရစ်အသင်းက အဓိကဂိုးသမားကော့တွိုက်စ်ကို ၂၀၂၇ ခုနှစ်အထိ နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆို



မက်ဒရစ် ဇူလိုင် ၂၀

ရီးယဲလ်မက်ဒရစ်အသင်းက အသင်းမှ အဓိက ဂိုးသမား ကော့တွိုက်စ်ကို ၂၀၂၇ ခုနှစ်အထိ နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ကော့တွိုက်စ်သည် ၂၀၁၈ ခုနှစ်က ချယ်လ်ဆီးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ကာ အဓိကဂိုးသမားတစ်ဦးအဖြစ် ကာလရှည်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်း၌ ဂိုးသမားကော့တွိုက်စ်သည် အသင်း၏ဂန္တဝင်ဂိုးသမားတစ်ဦးဖြစ်သည့် ကာဆီးလက်စ် အသင်းမှထွက်ခွာပြီးနောက်ပိုင်း အသင်း၏အရေးပါဆုံးဂိုးသမားတစ်ဦးအဖြစ် ကာလရှည်ရပ်တည်နေသူဖြစ်သည်။

လက်ရှိရီးယဲလ်မက်ဒရစ်အသင်းနှင့် ကော့တွိုက်စ်တို့၏စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့သဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက လက်မလွှတ်လိုသေးသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာမှ နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် ကော့တွိုက်စ်အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်း၌ ၂၀၂၇ ခုနှစ် ဇွန်လကုန်အထိ ဆက်ရှိနေမည်ဖြစ်သည်။

ကော့တွိုက်စ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ဘောလုံးရာသီခုနစ်ရာသီကြာ ဖြတ်သန်းခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဖလား၊ စပိန်လာလီဂါဖလား၊ စပိန်စူပါဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ ကလပ်ကမ္ဘာ့ဖလား စသည့်ဆုဖလားများစွာကို ဆွတ်ခူးနိုင်ရာတွင် အရေးပါသည့်ဂိုးသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

အစောပိုင်းက ကော့တွိုက်စ်အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ အနာဂတ်မရေမရာဖြစ်နေသည့်အတွက် ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း ကော့တွိုက်စ်ကိုယ်တိုင်က အသင်း၌သာ ဆက်လက်ကစားလိုသောကြောင့် ရီးယဲလ်မက်ဒရစ်အသင်း၏ သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

## စတာလင်းက တခြားကမ်းလှမ်းမှုများကို ငြင်းပယ်ပြီး ပရီးမီးယားလိဂ်ကလပ်အသင်းသို့သာ ပြောင်းရွှေ့ရန်ဆုံးဖြတ်

လန်ဒန် ဇူလိုင် ၂၀

လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့် စတာလင်းက တခြားကမ်းလှမ်းမှုများကို ငြင်းပယ်ပြီး ပရီးမီးယားလိဂ်ကလပ်အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၃၀ အရွယ် စတာလင်းသည် ချယ်လ်ဆီးအသင်း၌ ရုန်းကန်နေရသည့်အတွက် ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် အာဆင်နယ်အသင်းက အပြီးသတ်ခေါ်ယူခြင်းမရှိသဖြင့် ချယ်လ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သော်လည်း ချယ်လ်ဆီးအသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင်ပင် ရောင်းချရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

စတာလင်းကို ဆော်ဒီထိပ်တန်းကလပ်အသင်းများနှင့် မေဂျာလိဂ်ကလပ်အသင်းများက ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ကြသော်လည်း ၎င်းကိုယ်တိုင်က ငြင်းပယ်ခဲ့ပြီး ပရီးမီးယားလိဂ်ကလပ်အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Football London*

# ဘာစီလိုနာအသင်းက မန်ယူအသင်းမှ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ရန်နီးစပ်နေ

ဘာစီလိုနာ ဇူလိုင် ၂၀

ဘာစီလိုနာအသင်းက မန်ယူအသင်းမှ ရောင်းချရန်ဆုံးဖြတ်ထားသည့် ရက်ရှ်ဖို့ဒ်ကို ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်က အသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့ပြီးနောက် အစောပိုင်းနှစ်များတွင် အသင်းအဓိက ကစားသမားတစ်ဦးအဖြစ် ကာလအတန်ကြာရပ်တည်နိုင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းကို နည်းပြအမိုရင် တာဝန်ယူကိုင်တွယ်ပြီးနောက် အသင်း၌ ကစားခွင့်မရရှိသည့်အတွက် ပြီးခဲ့သည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလက အက်စ်တွန်ဗီလာအသင်းထံ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ဖြင့် အပြီးသတ်ခေါ်ယူခွင့်ပါရှိခဲ့သော်လည်း အက်စ်တွန်ဗီလာအသင်းက အပြီးသတ်စာချုပ် ချုပ်ဆိုခြင်းမရှိသည့်အတွက် မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရက်ရှ်ဖို့ဒ်ကို ရောင်းချရန်ဆုံးဖြတ်ထားသည့်အတွက် အသင်း၏ရာသီကြိုလေ့ကျင့်ရေးခရီးစဉ်ကစားသမားစာရင်းမှပင် ချန်လှပ်ခဲ့ပြီး ရက်ရှ်ဖို့ဒ်ကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် ဘာစီလိုနာအသင်းက ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

*Ref;Goal.com*




# အယ်နာဆာအသင်းက အသင်း၏ယာယီအမှုဆောင်အရာရှိချုပ်အဖြစ် စီရော်နယ်ဒို၏ ပေါ်တူဂီအသင်းဖော်ဟောင်းတစ်ဦးဖြစ်သည့် ဆီမီဒိုကိုခန့်အပ်

ရီယက် ဇူလိုင် ၂၀

ဆော်ဒီထိပ်တန်းကလပ် အသင်းတစ်သင်းဖြစ်သည့် အယ်နာဆာအသင်းက အသင်း၏ယာယီအမှုဆောင်အရာရှိချုပ်(စီအီးအို)အဖြစ် အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သော စီရော်နယ်ဒို၏ ပေါ်တူဂီအသင်းဖော်ဟောင်းတစ်ဦးဖြစ်သည့် ဆီမီဒိုကိုခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုနှင့် ဆီမီဒိုတို့သည် ကလပ်အသင်းဖော်များအဖြစ် ၂၀၀၃ ခုနှစ်က စပို့တင်းလစ္စဘွန်းအသင်း၌ တွဲဖက်ကစားခဲ့ဖူးသည့်အပြင် နိုင်ငံလက်ရွေးစင်အသင်းဖြစ်သည့် ပေါ်တူဂီအသင်း၌လည်း တွဲဖက်ကစားခဲ့ဖူးသည့် အသင်းဖော်ဟောင်းများဖြစ်သည်။


အယ်နာဆာအသင်းက အဓိက ကစားသမားတစ်ဦးဖြစ်သည့် စီရော်နယ်ဒိုကို နောက်ထပ်နှစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ပေါ်တူဂီလူမျိုးနည်းပြတစ်ဦးဖြစ်သည့် နည်းပြဂျော်ဂျီးဆပ်ကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း အသင်း၏ယာယီအမှုဆောင်အရာရှိချုပ်အဖြစ် စီရော်နယ်ဒို၏ အသင်းဖော်ဟောင်း ဆီမီဒိုကို ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒိုက ၎င်း၏အင်စတာဂရမ်မှတစ်ဆင့် ဆီမီဒိုအား အသင်း၏ယာယီအမှုဆောင်အရာရှိချုပ် ခန့်အပ်နိုင်ခဲ့ခြင်းကို ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

အယ်နာဆာအသင်းက လာမည့်ဘောလုံးရာသီတွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ရန် စီရော်နယ်ဒိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီးနောက် စီရော်နယ်ဒို၏တောင်းဆိုမှုနှင့်အတူ အသင်းကို ကြီးကြီးမားမားအပြောင်းအလဲများလုပ်ဆောင်နေပြီး နည်းပြရာထူးနှင့် အသင်း၏ယာယီအမှုဆောင်အရာရှိချုပ်ရာထူးတို့ကို အပြောင်းအလဲများ လုပ်ဆောင်ခဲ့ပြီးနောက် ကစားသမားခေါ်ယူမှုအပိုင်းတွင်လည်း စီရော်နယ်ဒို၏အကြံပေးမှုများနှင့်အတူ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

*Ref;Fotmob*

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇူလိုင် ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၁၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၉၀၈၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၁၉ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့၊ ချင်းတွင်းမြစ်အနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) (၂၇)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၅၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၇၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၀၂၄)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၃၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇူလိုင်လ ၁၉ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၆)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၄)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၇၄၅၂၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**

# ဥတ္တရသီရိမြို့နယ်၌ လူသတ်လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသား ၃ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ဇူလိုင်လ ၁၉ ရက်နေ့က လူသတ်လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသား ၃ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၁၇ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် ဥတ္တရသီရိမြို့နယ်၊ အမှတ်(၁) မီးသတ်စခန်းအနောက်ဘက်တောအတွင်း မီးသွေးဖိုအနီး၌ ကိုးရွာသပြေကုန်းကျေးရွာ၊ လေးကျွန်းမဏ္ဍိုင်ဘုန်းကြီးကျောင်းမှ ကပ္ပိယဖြစ်သူ ဦးလှဝင်း(၇၄)နှစ်အား ဒဏ်ရာများဖြင့်သေဆုံးနေသည်ကို တွေ့ရှိရ၍ တရားခံများ စိစစ်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဘုရားကုန်းမြို့မရဲစခန်း(ပ) ၃၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့ပါသည်။

အမှုမှ တရားခံများဖမ်းဆီးရမိနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များမှ စုံစမ်းရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ အခင်းမဖြစ်မီရက်များက အဆိုပါဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသည့် ကိုးရွာသပြေကုန်းကျေးရွာနေ နိုင်မင်းထွန်း(ခ)ဘိုဘို(၁၈)နှစ်၊ ဖွဲ့ခန့်နိုင်(ခ)ဖွဲ့ခန့်(၁၇)နှစ်နှင့် ရေတာရှည်မြို့နယ်၊ သရက်တောကျေးရွာနေ ဆန်းမင်းငြိမ်း(ခ)ပေါက်တူး(၂၇)နှစ်တို့ ၃ ဦးအား မသင်္ကာသဖြင့် စစ်ဆေးခဲ့ရာ လူသတ်လုယက်မှုကျူးလွန်ခဲ့ကြောင်းပေါ်ပေါက်ပြီး ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အရှည်(၂)ပေခန့်ရှိ ထင်းချောင်း (၂)ချောင်း၊ VIVO အမျိုးအစား သက်သေခံဖုန်း (၁)လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ထွက်ဆိုချက်အရ ၎င်းတို့ ၃ ဦးသည် ငွေကြေးလိုအပ်ချက်ကြောင့် ကပ္ပိယဖြစ်သူ ဦးလှဝင်းထံမှ ပိုက်ဆံများလုရန်တိုင်ပင်ပြီး ဇူလိုင်လ ၁၆ ရက် ညနေ ၄ နာရီအချိန်တွင် ဦးလှဝင်း၏ မီးသွေးဖိုအနီး ဝါးရုံပင်အောက်တွင် အရက်သေစာသောက်စားကာ စောင့်ဆိုင်း၍ ဦးလှဝင်းအား နိုင်မင်းထွန်း(ခ)ဘိုဘိုမှ အသင့်ယူလာသော ထင်းချောင်းဖြင့် ရိုက်နှက်ခဲ့ပြီး မှောက်လျက်လဲကျသွားသော ဦးလှဝင်းအား ဆန်းမင်းငြိမ်း(ခ) ပေါက်တူးမှ ဆွဲလှန်ပေးကာ နိုင်မင်းထွန်း(ခ)ဘိုဘိုနှင့် ဖွဲ့ခန့်နိုင်(ခ)ဖွဲ့ခန့်တို့မှ ထင်းချောင်းများဖြင့် ဝိုင်းဝန်းရိုက်နှက်၍ ဦးလှဝင်းကိုင်ဆောင်သော VIVO အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းနှင့် လွယ်အိတ်အတွင်းမှ ငွေကျပ် ၇၂၀၀၀ အား လုယက်ယူဆောင်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

ဥတ္တရသီရိမြို့နယ်၌ လူသတ်လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသား ၃ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။




(ဝဲမှယာ)တရားခံ ဆန်းမင်းငြိမ်း(ခ)ပေါက်တူး၊ နိုင်မင်းထွန်း(ခ)ဘိုဘိုနှင့် ဖွဲ့ခန့်နိုင်(ခ) ဖွဲ့ခန့်

အထက်ပါဖြစ်စဉ်မှ လူသတ်လုယက်မှုကျူးလွန်သူ နိုင်မင်းထွန်း(ခ)ဘိုဘို၊ ဖွဲ့ခန့်နိုင်(ခ)ဖွဲ့ခန့်နှင့် ဆန်းမင်းငြိမ်း(ခ)ပေါက်တူးတို့ ၃ ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "yaminLove" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရေးမြို့၊ ရန်ကြီးအောင်ရပ်ကွက်နေ ယမင်း(ခ)လင်းလင်းအား ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရေးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# သတင်းစာပညာသိမှတ်ဖွယ်ရာများသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် သတင်းစာပညာ သိမှတ်ဖွယ်ရာများသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၁၉ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံး ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုးက မုဒိတာစကားကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမြတ်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးသိန်းအေးက သင်တန်းနှင့်ပတ်သက်၍ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောသူများအားလည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းထူးချွန် ပထမဆုရ ရွှေမြိုင်ခိုင်ဦး(လှိုင်သာယာ)၊ ဒုတိယဆုရ ဦးတင့်လွင်(ဖျာပုံ)၊ တတိယဆုရ ဦးနေလင်း(ညောင်လေးပင်)နှင့် အထူးဆုနှစ်ဆု၊ သင်တန်းသားစံပြဆု၊ သင်တန်းအပေါ် စိတ်ဝင်စားမှုအကောင်းဆုံးဆု၊ အတက်ကြွဆုံးဆု၊ မေးမြန်းမှုအကောင်းဆုံးဆု၊ စည်းကမ်းလိုက်နာဆုံးဆု စသည့်ဆုများကို တာဝန်ရှိသူများက အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။



အဆိုပါ သတင်းစာပညာ သိမှတ်ဖွယ်ရာသင်တန်းကို ဇူလိုင်လ ၁၄ ရက်မှ ၁၈ ရက်အထိ သတင်းစာပညာရှင်များက စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသို့ နယ်ပယ်ဒေသအသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# သရက်မြို့၌ ဝါမျိုးစေ့နှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး နေကြာမျိုးစေ့ပေးအပ်



သရက် ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး သရက်မြို့ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဝါတိုးချဲ့စိုက်ပျိုးရေး စီမံကိန်းအရ ဝါမျိုးစေ့နှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး နေကြာမျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၉ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဝါမျိုးစေ့နှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး နေကြာမျိုးစေ့ပေးအပ်ခြင်း၏ ရည်ရွယ်ချက်များအကြောင်း၊ သရက်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဝါတိုးချဲ့စိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလျာထားချက်အရ ချည်မျှင်ရှည်ဝါကေ ၁၁၃၈၀ စိုက်ပျိုးမည်ဖြစ်သည့်အတွက် ယခင်နှစ်ကထက် ၅၂၆၆ ဧက ပိုမိုတိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ အလားတူ မိုးနေကြာ ၅၃ ဧက၊ ဆောင်းနေကြာ ၈၂၂ ဧက စုစု ပေါင်း ၈၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နေအောင်က မျိုးစေ့များပံ့ပိုးပေးရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး တောင်သူများကို စုစုပေါင်း ဝါ ၇၂၇ ဧကအတွက် မျိုးစေ့ ၈၆၄ ပိဿာနှင့် ၂၉၅ Kg၊ စုစုပေါင်းနေကြာ ၆၃ ဧကအတွက် မျိုးစေ့ ၇၅ ကီလိုနှင့် ၉ ဒသမ ၅ တင်းတို့ကို တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

# စဉ့်ကိုင်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧကပေါင်း ၂၉၀၀၀ ခန့် စိုက်ပျိုးရန်လျာထား

စဉ့်ကိုင် ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧကပေါင်း ၂၉၀၀၀ ခန့် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်၏ ပြောပြချက်အရ သိရသည်။

စဉ့်ကိုင်မြို့နယ်၌ တောင်သူများအနေဖြင့် စပါးအပြင် တခြားသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးအပါအဝင် သီးနှံစုံစိုက်ဧကပေါင်း ၇၀၀၀၀ ခန့် စိုက်ပျိုးမည်ဖြစ်သည်။

"စဉ့်ကိုင်မြို့နယ်အတွင်း ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ အရည်အသွေးကောင်းမွန်တဲ့ ဧရာမင်းစပါးကို ၆၀ ရာခိုင်နှုန်း စိုက်ပျိုးပြီးတော့ ကျန်တဲ့ သက်တမ်းတိုစပါးတွေကိုတော့ ၄၀ ရာခိုင်နှုန်း စိုက်ပျိုးပါမယ်"ဟု ဦးသန်းဇော်ကပြောသည်။

စဉ့်ကိုင်မြို့နယ်၌ ဆန်စပါးထုတ်လုပ်မှုအနေဖြင့် ဒေသတွင်းဖူလုံမှုရှိသည့်အပြင် ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်အထိ ဝမ်းစာဖူလုံစေရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် ဒေသခံတောင်သူများအား စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီပေးလျက်ရှိသည်။



စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအတွက် အထွက်နှုန်းကောင်းမွန်သော စပါးမျိုးသန့်မျိုးစေ့များကို ထုတ်လုပ်ပေးနေပြီး တခြားမျိုးစေ့ထုတ်ကုမ္ပဏီများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးကြောင်း၊ ယူရီးယားဓာတ်မြေဩဇာများကိုလည်း သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနေကြောင်း၊ စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရေး မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရန်၊ စိုက်ပျိုးရေ အပြည့်အဝရရှိရန်၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်နှင့် တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

ဆောင်းဦး

## Thai King's Cup ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာ့လက်ရွေးစင် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၂၀

ထိုင်းနိုင်ငံ၌ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် Thai King's Cup ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းသည် Team Event၊ Regu Event၊ Double Event၊ Quad Event၊ Hoop event နှင့် Mixed Quadrant ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသားအသင်းသည် Regu event ပြိုင်ပွဲ၌ မလေးရှား၊ ဂျပန်၊ လာအို၊ တောင်ကိုရီးယားအသင်းတို့နှင့်လည်းကောင်း၊ Mixed Quadrant ပြိုင်ပွဲ၌ အိမ်ရှင်ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယားအသင်းတို့နှင့်လည်းကောင်း အုပ်စုတူယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ထို့အတူ အမျိုးသမီးအသင်းသည်လည်း Regu event ပြိုင်ပွဲတွင် ဗီယက်နမ်၊ ဂျပန်၊ အိန္ဒိယအသင်းတို့နှင့်လည်းကောင်း၊ Mixed Quadrant ပြိုင်ပွဲတွင် ဗီယက်နမ်၊ လာအို၊ အိန္ဒိယအသင်းတို့နှင့်လည်းကောင်း၊ Hoop event ပြိုင်ပွဲတွင် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာအသင်းတို့နှင့်လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးအသင်း Mixed Quadrant ပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်အသင်းတို့နှင့်လည်းကောင်း တစ်အုပ်စုတည်းကျရောက်နေသည်။

ယင်းပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲများတွင် မင်းသန့်သူ၊ နိုဝင်ဘာကိုကို၊ ဟန်ဝင်းထွဋ်၊ အောင်မျိုးကျော်၊ ရဲထက်၊ ရန်ပိုင်ဦး၊ ဝင်းဇော်ဇော်ဦး၊ ဖေငြိမ်းချမ်း၊ ကျော်မင်းသူ၊ ဇော်မင်းခန့်၊ ရှိုင်းဝဏ္ဏဇော်၊ သန့်ဇင်ထွန်း၊ အမျိုးသမီးပြိုင်ပွဲများတွင် ဆုတင်ဇာနိုင်၊ ယဉ်ယဉ်ဌေး၊ နန့်မေသူထွေး၊ Lai Ro Eng၊ ချယ်ရီလင်းသစ်၊ ဖူးဖူး၊ ကြူကြူသင်း၊ ခင်နှင်းဝေ၊ သီရိအောင်၊ နွယ်နွယ်ထွေး၊ နေခြည်နွေး၊ ယမုံဇင်၊ ဖြူဖြူသန်းတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဘရူနိုင်း၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ လာအို၊ မြန်မာ၊ တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ၊ သီရိလင်္ကာ၊ တရုတ် (တိုင်ပေ)၊ ဩစတြေးလျ၊ အီရတ်၊ ပြင်သစ်နိုင်ငံတို့မှ ပိုက်ကျော်ခြင်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဒွာညီပန်းအဝိုင်းအနီး၊ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA GOLD 2019


ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
INNWA BANK
MYANMAR ECONOMIC CORPORATION
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )(၁၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ဈေးလွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာတတ်မြောက်မှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

# နောင်ချို- ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေးလမ်းကြောင်းကြီး ပြန်လည်ဖွင့်လှစ်နိုင်မှုနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုမည့် ဘိလပ်မြေများကို ဒေသတွင်းသို့ လျင်မြန်စွာပို့ဆောင်

နေပြည်တော် ဇူလိုင် ၂၀

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက်အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့်တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အကြမ်းဖက်သမားများ တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့နယ်တို့အား ယာယီထိန်းချုပ်ထားစဉ် ဒေသခံပြည်သူလူထုအနေဖြင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းများကို ပစ်ပယ်ကာ ယာယီနေရပ်စွန့်ခွာခဲ့ရပြီး **စာမျက်နှာ ၁၂ ကော်လံ ၁ ❐**



နောင်ချို- ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေးလမ်းကြောင်းကြီးပြန်လည်ဖွင့်လှစ်နိုင်သဖြင့် ဒေသတွင်းတည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုမည့် ဘိလပ်မြေများကို မော်တော်ယာဉ်များဖြင့် ပို့ဆောင်စဉ်။

**အထူးမိုးလေဝသသတင်း**

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ တရုတ်နိုင်ငံ တောင်ပိုင်းကမ်းခြေအနီးတွင်ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း "ဝိဖာ"(WIPHA)သည် အနောက်ဘက်သို့ရွေ့လျားနိုင်ပြီး ဇူလိုင်လ ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ဆက်လက်ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ **စာမျက်နှာ ၁၁ ကော်လံ ၁ ❍**


**ဝင်ငွေတိုးပွားရရှိဖို့ တစ်သျှူးငှက်ပျောစိုက်ကြစို့**

Tissue Culture ခတ်ခွဲခန်းမှ ထုတ်လုပ်သော နေပြည်တော်ကျောက်စိမ်း ဖီးကြမ်းတစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော ပျိုးပင်များအား ဖုန်း-၀၃၆-၃၁၀၄၆၊ ၀၉-၄၀၀၄၅၀၃၃၉၊ ၀၉-၂၅၆၇၄၄၉၈၁ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။



